# သခင့်စကား

**The LORD's Word**

ဝိညာဉ်ရေး ရာစာစောင်

ငါ့သား၊ ငါ့စကားကို နားထောင်၍ ပညာရှိသဖြင့် ကိုယ်စိတ်နှလုံးကို လမ်းမ၌ ပဲ့ပြင်လော့။ သင့်ကိုဖြစ်ဘွားစေသော အဘ၏ စကားကို နားထောင်လော့။ သုတ္တံ ၂၃း၁၉၊၂၂

အမှတ်စဉ် (၉၅) ဇူလိုင်လ ၂၀၀၉ ခုနှစ် ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)

## အခွံ – ၉ (မင်းအောင်သက်လွင်)

★ မှတ်ဉာဏ်လေးတွေ ကွာနေလို့ လူသားအချင်းချင်း အဆင့် ခွာ နေတာပါ။

☆ တို့ခေါင်းထဲက ဦးနှောက်တွေကို အပြင်ခန ထုတ်ထားလိုက်ရင် ဘယ်သူ့ကို ဘယ်သူ ကမှ ဆရာကြီး လုပ်စရာ မလိုတော့ဘူး။

★ အသားအရောင်လေးတွေ ကွဲနေလို့ လူမျိုးရေးစိတ် စွဲ နေကြတာပါ။

☆ တို့ခန္ဓာကိုယ်ပေါ်က အရေပြားတွေကို ခန ဆုတ်ထားလိုက်ရင် ဘယ်သူ့ကိုမှ အသာစီး လုပ်လို့ မရတော့ဘူး။

★ အရည်အချင်းလေးတွေ မတူ လို့ မူ နေကြ တာပါ။

☆ တို့အိပ်ကပ် ထဲက ငွေတွေကို အပြင်ခန နှုတ်ထားလိုက်ရင် ဘယ်သူကမှ မချမ်းသာ၊ မဆင်းရဲ တော့ဘူး။

★ အသွေးအမြင်လေးတွေ ခြားနေလို့ အတွေးအမြင်တွေ မှားနေတာပါ။

☆ တို့ကိုယ်ထဲက သွေးတွေကို ခန စုပ်ထုတ် ထားလိုက်ရင် ဘယ်သူ့ကိုမှ နှိမ်စရာ မလိုတော့ဘူး။

★ အတတ်ပညာလေးတွေ ကွဲနေလို့ အုပ်စုတွေ ခွဲ နေကြတာပါ။


☆ တို့နာမည် နောက်က ဘွဲ့ဂုဏ်ထူးတွေ ခန ဖြုတ်ထားလိုက်ရင် ဘယ်သူ့ကိုမှ ပယ်ထုတ်စရာ မလိုတော့ဘူး။

★ အနှစ် ၊ အဆံ တွေ မရှိတော့လို့ အခွံ ချည်းဘဲ ကျန်ခဲ့တာပါ။

☆ တို့အခွံ တွေကို ဥပေက္ခာပြုထားလိုက်ရင်၊ ဘယ်သူမှ ခက်ထန် မောက်မာ မှာ မဟုတ်တော့ဘူး။ ။

---

## အမေ့အတွက် (မင်းထွန်းသက်လွင်)



အမေ့ အတွက် ကဗျာစပ်ဖို့ ကြိုးစားကြည့်တယ်။
အမေ့ အဆင်း သီချင်းစပ်ဖို့ ကြိုးစားကြည့်တယ်။
အမေ့ သဏ္ဍာန် ဆေးရေးခြယ်ရန် ကြိုးစားကြည့်တယ်။
အမေ့ အလှ လူတကာပြဖို့ ကြိုးစားကြည့်တယ်။
အမေ့ သတ္တိ တောင်းယူကြည့်ဖို့ ကြိုးစားကြည့်တယ်။
ကြိုးစားသမျှ မိုးသာ ချုပ်သွားတာမို့
အမေ့ ခြေဖမိုး ဦးတိုက်တိုးကာ (သား) အရှုံးပေး ကျေနပ်လိုက်တယ်။

---

## အမေ့မေတ္တာ နန်းရထိုက် က.န.ခ

ရာသီတွေပြောင်း နှစ်တွေဟောင်းလည်း
မပြောင်း မလွဲတည်ရှိဆဲ ၊ သန့်ပေါင်းမေတ္တာ အမေ့ဆီမှာ
သားဆိုး သမီးဆိုးအတွက် ပေးဆပ်ရင်း
ခန္ဓာအိုမင်း သွားသော်လည်း ၊ ရင်ထဲ မေတ္တာ ခိုင်မြဲဆဲ
မေတ္တာမပျက် အကြင်နာမကွက်
အပြည့်အဝ စောင့်ရှောက်တဲ့ အမေ
ကြီးမားမေတ္တာ အမေ့ဆီမှာ ၊ ဘယ်သောခါမှ ဆပ်မရ ။


---

## သံစဉ်များ၏အနက် ဆောင်းမေခါ



သံစဉ်တွေ ရောင်စုံ ဖြန့်ခင်းထားတဲ့ လောကရဲ့ လမ်းဘေးဆိုင်ကို
သတိထားကြည့် တချို့ကအမှန်ပါ ၊ နဂိုရောင် ပျောက်ကွယ်
နီညိုနေတဲ့ ယမကာရောင် ထင်ဟပ်နေတယ် ။ **Restaurant** ထဲမှာမို့လို့ပါတဲ့။
တချို့ကလည်း မညာပါဘူး ၊ ခရမ်းပုပ်နဲ့ နှစ်ရောင် စပ်ပြီး
**Key** ပျောက်နေတယ်။ **Karaoke** ဆိုင်ထဲ မီးခိုးတွေ မှုန်နေလို့ပါတဲ့။
ရှိသေးပါရဲ့၊ Crazy ရောင် **Modern Rock** ဖက်ဖူးရောင်၊
**DJ Mix** တဲ့ **Club** တွေမှာ လူငယ်တွေ စိတ်နှမ်းပြေစေဖို့ဆိုပဲ...
ကျန်ပါသေးရဲ့၊ တူရိယာပစ္စည်း စုံစုံလင်လင်နဲ့ မြူးကြွ ပြိုင်ဆိုင်နေတဲ့
ကြက်သွေးရောင် **Rap** ကလည်း အရှိကို အရှိအတိုင်း ရေးထားတာ ပါတဲ့...။
ကြည့်တတ်ရင် လှပါတယ်ဆိုတဲ့ မိတ်ဆွေ ...
လောက ထဲက လူသားဆိုပေမယ့် သံစဉ်တွေ ခြယ်သ ခွင့်ပေးတဲ့

ဖန်ဆင်းရှင်ကိုလည်း အားနာပါဦးကွယ်၊ သူက ရိုးရိုးလေးနဲ့ ညင်သာတဲ့
အဖြူရောင်သံစဉ်လေးကို အနှစ်သက်ဆုံးပဲတဲ့ ... ။



---

## အနှစ် –၁ (ဝင်းမြင့်ဦး)



အနှစ် မရှိတဲ့ တောမှာ မြက်ရိုင်းပင်တွေက ဖြိုးလို့ မောက်လို့
အကာ တွေကိုပဲ အဟုတ်ထင် မင်းအောင်သက်လွင် ပြောတဲ့ ဒီအခွံကြီးထဲမှာပဲ
စိန်ရောင်ပြေး တံလျှပ် အတ္တဘောကြီးကတော့
ဝင်ကစွပ် တစ်ကောင်လို အလုပ်ရှုပ်နေဆဲ . . .။
အို အသင်လောက – မကြွေတဲ့ ပန်းတစ်ပွင့်လောက် ကမ်းပါလှဲ့
ဘဝလိုအပ်ချက် ရေကြည်တစ်ပေါက်ထဲ မျှခြေမဲ့ တဏှာရသ တို့ရဲ့
လိုအင်ဆန္ဒ ပျော်ဝင်မှုနှုန်းကလည်း မြင့်မား ခါးသက် နိုင်လွန်းပါရဲ့၊
ကြာတော့လဲ လိုအပ်ချက်နဲ့ လိုအင်တွေဟာ
စလယ်ဝင် ဖင်မမည်းတဲ့ စုံတွဲမျိုးနဲ့ မခြား၊
အနာဂါတ် ရုပ်ဝတ္တု ဦးစားပေးမှု သားကောင်
အစွယ်ငေါငေါ လှည့်ကွက် မာယာ ပစ္စုပ္ပန် ခံတွင်းပေါက် အညှာလွယ်
သိမ်လိုဖျော့တော့ ဝိညာဉ် ဖြေဆေးရှာရင်း အသက်က ငယ်ထိပ်
ရောက်လုလု ။ မျက်လုံးနဲ့ နှာခေါင်း အိမ်နီးချင်း ဖြစ်လည်း
သွေးကြီး တစ်မိမ်းတွေလို သိပ်မတွေ့ဖြစ်သလိုမျိုး၊ ဒီ အခွံကြီးထဲမှာ
ဘုရားရှင်ရဲ့ နိစ္စဓူဝ ကျေးဇူးတော်အရိပ် လေသလပ် မြန်ပဲ မြန်နိုင်လွန်းပါရဲ့
ခေတ်ရေစီးကြောင်းထဲက လူစီဖာ ဒိုက်မော်တွေ
ငါတို့ အခွံထဲမှာ စတိုင်ကျလို့ အသားကျ မြင်းတစ်ကောင်လိုပ ၊
လှပ ကျော့ရှင်းတဲ့ ပုလဲမျက်သွယ် ကမာခွံရဲ့ အနှစ်အတွင်းပိုင်းက ထွက်လာ သတဲ့။
ကဲ . . . ငါတို့လည်း ဒီဘူတာက မထွက်ခင် ကိုယ်ပိုင် အခွံလေးတွေ ခေါက်ချခဲ့ကြစို့။
ရွေးမဲ့သူ ဈေးပေးမဲ့သူက အဆင်သင့် ၊ ‘အနှစ်’ တော့ ရှိမှာပါ ။
ဘာ အနှစ် လည်းတော့မသိ။ ပုလဲ ရွှဲ တစ်ကုံးလား . ၊ ခဲ သလဲ တစ်ပုံးလား ။

---

## သခင့်စကား စာစောင်

ရင်ထဲမှာ အခိုင်အမာ စိုက်ထူထားတာမို့၊ မြဲမြံတည်တံ့စွာ သစ္စာရှိဆဲ
ကိုယ် ဘယ်အချိန်မှာပဲ သတိရရ ၊ သတိရတဲ့ အချိန်တိုင်းမှာ
အမြဲတမ်း အားပေးနှစ်သိမ့် ၊ လက်ကမ်းကြို ချစ်နေတာ သခင့်စကား ပါပဲရှင်။

---

## သို့ ချစ်သောဖေဖေ (ဇီအုန်သတို့ သမီး)

ဇန်နဝါရီ ညနေခင်းဟာ တိုက်ခတ်နေတဲ့ လေညှင်းနဲ့အတူ အထီးကျန်လို့နေပါတယ်။ ကျွန်မ ဆေးရုံက နာရီကို လှမ်းကြည့်လိုက်တဲ့အခါ အချိန်က မနက် ၇နာရီရှိနေပါပြီ။ ကျွန်မလည်း နားကြပ်ကို လည်ပင်းမှာ ချိတ်လိုက်ပြီး အခန်း နံပါတ် ၇၁၂ ဆီကို ထွက်လာခဲ့ပါတယ်။ အခန်း နံပါတ် ၇၁၂မှာ လူနာအသစ် တစ်ယောက် ရောက်နေ ပါတယ်။ ဦးဝီလီယံ ပါ။ သည်လူကြီး အရမ်းအထီးကျန်ပြီး သနားဖို့ကောင်းပါ တယ်။ သူ့မိသားစု အကြောင်းလည်း တစ်ခွန်းမှ မဟရှာပါဘူး။ ကျွန်မ သူ့အခန်းထဲကို ဝင်အသွားမှာ ဦးဝီလီယံ ကြည့်လိုက်တဲ့ အကြည့်က တခုခုကို မျှော်လင့်နေတဲ့ အကြည့်ပါ ။ ကျွန်မကိုလည်း တွေ့ရော သူ စိတ်ပျက် ညှိုးငယ်စွာနဲ့ မျက်လွှာ ချသွားပါတယ်၊ ကျွန်မ နားကြပ်နဲ့ သူ့ရင်ဘတ်ကို စမ်းသပ်ရင်း နားထောင် ကြည့်လိုက်တယ်။ အို သူ နှလုံးရောဂါ ထနေရှာတာကိုး။ ဦးဝီလီယံ ကုတင်ပေါ် မှာ လဲနေရင်းနဲ့ “ဆရာမ ကျွန်တော့် ...” ပြောနေရင်းနဲ့ဘဲ မျက်ရည်ဝဲလာပါတယ်။ ကျွန်မ သူ့ရဲ့ လက်ကို ကိုင်လိုက်ပြီး သူ စကား ပြန် အဆက်ကို စောင့်နေပါတယ်။ မျက်ရည်တွေကို သူ သုတ်လိုက်ပြီး “ကျွန်တော့် သမီးလေးကို ဖုန်းခေါ်ပေးလို့ရမလား။ ကျွန်တော် နှလုံးရောဂါ ထ နေတယ်လို့ ပြောပေးပါ။ ကျွန်တော့်မှာ မိသားစု ဆိုလို့ သည် သမီး တယောက်တည်း ရှိတာပါ။”
သူ့ရဲ့ အသက်ရှုသံတွေ ရုတ်တရက် အရမ်းမြန်လာတာကို ကျွန်မ သတိထားမိလိုက်ပါတယ်။ ကျွန်မလည်း အောက်ဆီဂျင်ကို ၁မိနစ် ၈လီတာ နှုန်း ပြောင်းလိုက်ပြီး “ကျွန်မ ခေါ်ပေးပါ့မယ်”လို့ ဦးဝီလီယံရဲ့ မျက်နှာကို အကဲခတ်ရင်း ပြန်ပြော


သခင့်စကား ဝိညာဉ်ရေး ရာစာစောင် အမှတ်စဉ် ၉၅၊ ဇူလိုင်လ ၂၀၀၉။ စင်ကာပူနိုင်ငံအတွင်း ရှိ မြန်မာခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

လိုက်ပါတယ်။ "ချက်ခြင်း ခေါ်ပေးပါဗျာ၊ အရေးကြီး နေလို့ပါ၊" ပြောရင်းနဲ့ သူ့ရဲ့ နှလုံးတွေ အရမ်း ခုန်လာပါတယ်။ "ကျွန်မ အခု ချက်ခြင်း ခေါ်ပေးပါ့မယ်။ ဦးလေး နားလိုက်ပါဦး။" ကျွန်မလည်း ဖုန်းသွား ခေါ်ပေးမယ်ဆို ပြီး ပြန်အထွက် "ဆရာမ ကျွန်တော့်ကို စာရွက်နဲ့ ခဲတံ ရှာပေးပါ" ကျွန်မလည်း အိတ်ထဲမှာ အဆင်သင့် ရှိနေတဲ့ အဝါရောင် စာရွက်လေးနဲ့ ခဲတံကို ပေးလိုက်ပါတယ်။



"ကျေးဇူးတင်ပါတယ်" ကျွန်မလည်း သူ့ကိုပြုံးပြပြီး ပြန်ထွက် လာခဲ့ပါတယ်။ ပြီးတော့ ကျွန်မ **Station** ကနေ ဦးဝီလီယံ ရဲ့ သမီးကို ဖုန်းခေါ်လိုက်ပါတယ်။ "ဟဲလို **Jane** လား၊ ကျွန်မ အခု ဆေးရုံကနေ ခေါ်နေတာပါ။ ရှင့် အဖေ နှလုံး ရောဂါနဲ့ ဆေးရုံ ရောက်နေတယ်။"**"No"** သူမ အကျယ်ကြီး အော်လိုက်ပြီး။ "သူ မသေရဘူး။ သူသေမှာ မဟုတ်ဘူး။ ဟုတ်တယ် မဟုတ်လား"ဆိုပြီး ပြန်မေး လိုက်တယ်။ ကျွန်မအတွက် အရမ်း နာကျင်စေတဲ့ မေးခွန်းလေးပါ။ "သူ့ အခြေ အနေက အခုထိတော့ တည်ငြိမ်နေပါတယ်။"လို့ ကျွန်မ နှစ်သိမ့်ပေးရင်း တိတ်ဆိတ် စွာနဲ့ နှုတ်ခမ်းကို ကိုက်နေပါတယ်။ "ရှင် သူ့ကို မသေ စေရဘူးနော်။ ရှင် နားမလည်ပါဘူး။ ကျွန်မ အဖေနဲ့ ကျွန်မ စကား မပြောဖြစ်ကြတာ တစ်နှစ်လောက်ရှိပြီ။ ကျွန်မရဲ့ ၂၁နှစ်မြောက် မွေးနေ့တုန်းက ကျွန်မတို့ အကြီးအကျယ် စကားများကြတယ်။ ကျွန်မရဲ့ ရည်းစားကြောင့်ပါ။ အဲ့သည်နေ့ မှာပဲ ကျွန်မ အိမ်ကနေ ထွက်ပြေးလာခဲ့တယ်။ အခုထိ ကျွန်မ အိမ် မပြန်ခဲ့ဘူး။ ဥည်လပိုင်းတွေမှာ ကျွန်မ အဖေ့ဆီ ပြန်သွားပြီး ခွင့်လွှတ်ပါလို့ သွား တောင်းပန်ချင်ပါတယ်။ အဆိုးဆုံးက "ကျွန်မ အဖေ့ကို မုန်းတယ်"လို့ပြောပြီး ထွက်လာခဲ့တာပဲ။"

တစ်ဘက်ကနေ သူမရဲ့ ရှိုက်သံကို ကျွန်မ ကြားလိုက်ရပါတယ်။ ကျွန်မ အရမ်း ဝမ်းနည်းပြီး ခံစားရပါတယ်။ ဩော် သည်အဖေနဲ့ သည်သမီး တစ်ယောက်အတွက် တစ်ယောက် ပျောက်ဆုံးနေကြပါလား။ တစ်ချိန်တည်းမှာပဲ ကျွန်မနဲ့ မိုင်ပေါင်း များစွာ ဝေးကွာနေတဲ့ ကျွန်မရဲ့ အဖေကို မျက်လုံးထဲ မြင်ယောင်လာမိပါတယ်။ အဖေနဲ့ မတွေ့ရတာတောင် ကြာပြီပဲ။ တစ်ဘက်မှ ငိုရှိုက်သံများကို ကြားနေရတုန်းပါပဲ။ "ကျွန်မ အခုချက်ခြင်း လာပါပြီ။ မိနစ်၃၀ လောက်ဘဲ ကြာမယ်။" ပြောအပြီး ဖုန်းချသွားပါတယ်။ ကျွန်မလည်း အလုပ်လေး နည်းနည်း ရှုပ်နေတာနဲ့ အခန်းနံပါတ် ၇၁၂ ကို မေ့သွားပါတယ်။ ကျွန်မ သတိရလို့ မြန်မြန်လေး သွားပြေးကြည့်တော့ ဦးဝီလီယံ မလှုပ်ရှားတော့ ပါဘူး။ သွေးခုန်နှုန်းလည်း ရပ်နေတယ်။ ကျွန်မလည်း ဆရာဝန်နဲ့ တခြားအကူ **Nurse** တွေကို လှမ်းခေါ်လိုက်ပါတယ်။ သူ့နှလုံး ပြန်ခုန်လာအောင် ကျွန်မတို့ အမျိုးမျိုး ကြိုးစား ကြပါတယ်။ နှလုံးကတော့ ပြန် မခုန်လာတော့ပါဘူး။ "ဘုရားသခင် မဖြစ်ဘူး။ သူ့သမီး လာနေပြီ။ သည်လိုကြီးတော့ မပြီးလိုက်ပါနဲ့" လို့ ကျွန်မ ဆုတောင်း နေမိတယ်။ ကျွန်မတို့ ဘယ်လိုမှ ကယ်လို့ မရတော့ပါဘူး။ ကျွန်မ **Jane** ကို ဘယ်လို ပြန်ပြောရမှန်းတောင် မသိဘူး။ ကျွန်မ အရမ်းလည်း ဝမ်းနည်း မိပါတယ်။ ကျွန်မ အခန်း နံပါတ် ၇၁၂ က ပြန်အထွက် **Jane** လို့ ထင်ရတဲ့ အမျိုးသမီး ကို အခန်းဝမှာ တွေ့လိုက်ရပါတယ်။ "အို သူ့ရဲ့ မျက်လုံးတွေက အရမ်း ကြေကွဲနေပါလား။ သူသိသွားပြီပေါ့။" "ကျွန်မ အဖေ့ကို တွေ့ချင်တယ်။ တွေ့ခွင့်ပြုပါ။" **Jane** ရဲ့တောင်းဆိုမှုပါ။

"ကျွန်မ အဖေ့ကို ဘယ်တုန်းကမှ မမုန်းခဲ့ပါဘူး။ ကျွန်မ အဖေ့ကို ချစ်တယ်။ အဖေနဲ့ တွေ့ခွင့်ပေးပါ။" ကျွန်မတို့ အခန်းနံပါတ် ၇၁၂ ကို ရောက်လာပါတယ်။ Jane ကတော့ အသက် မရှိတော့တဲ့ သူ့ဖခင်ဆီ ပြေးပြီး ဖက်ငိုနေပါ တယ်။ သည်သမီးရဲ့ နာကျင်ခြင်းကို ကျွန်မ နားလည်ပေးလို့ရပါတယ်။ တချိန်တည်းမှာပဲ ကုတင်ဘေးနားမှာ အဝါရောင် စာရွက်လေးကို သတိထားမိတဲ့ အခိုက်မှာတော့ "အချစ်ဆုံး သမီးလေး **Jane** အဖေ သမီးကို ခွင့်လွှတ်ပါတယ်ကွယ်။ သမီး ကလည်း အဖေ့ကို ခွင့်လွှတ်ပါစေလို့ အဖေ ဆုတောင်း လိုက်ပါတယ်။ သမီး အဖေ့ကို ချစ်တာ အဖေသိတာပေါ့။ အဖေလည်း သမီးကို အရမ်းချစ်တယ်။ အဖေ" **Jane** ဟာ သည် စာရွက် လေးကို တစ်ကြိမ် မက နှစ်ကြိမ်မက အကြိမ်ကြိမ် ဖတ်နေပါတယ်။ ဖတ်ပြီး တိုင်းလည်း သူ့ရင်ဘတ်ပေါ် ပြန်တင်လေ့ ရှိတယ်။ ကျွန်မလည်း ဆေးရုံ အပြင် ဘက်ကို လှမ်းကြည့်လိုက်တော့ နှင်းဖွဲဖွဲလေး ကျနေတယ်။ နှင်းဖတ်လေး တစ်ဖတ် ဆေးရုံ ပြူတင်းပေါက် မှန်ကို လာထိပြီး အရည်ပျော်ကာ ပျောက်ဆုံးသွားပါတယ်။ လူ့ဘဝ ဆိုတာ ကလည်း တစ်ခါ တစ်လေ ကျတော့ သည် နှင်းဖတ်လေး လိုပါပဲ။ ကျေးဇူးတင်ပါတယ် ဘုရားသခင်။ **Relationship** တွေဟာ သည်နှင်းဖတ်လေး တွေနဲ့ တူပြီး ပြန်လည် ပေါင်းစပ်ခွင့် ပေးတဲ့အတွက်။ အတူ တူ ကုန်ဆုံး ရမယ့် အချိန်တွေကိုတော့ ပြန် မရတော့ဘူးပေါ့။ ကျွန်မလည်း တယ်လီဖုန်း ရှိရာကို အပြေး ထွက်လာခဲ့ ပါတယ်။ ကျွန်မ အဖေ့ကို ဖုန်းခေါ်မယ်။ ပြီးတော့ "အဖေ့ကို သမီးချစ်တယ်" လို့ ပြောမယ်။

(ဝန်ခံချက်။ ကျွန်မ အဖေ့ကို မုန်းတယ် လို့ မပြောခဲ့ပေမယ့် ကျွန်မ အသက် ၁၈နှစ်ပြည့် မွေးနေ့မှာ "သမီးကို မချုပ်ချယ်ပါနဲ့။ သမီးကို လွတ်လပ်ခွင့်ပေးပါ။ သမီး အသက် ၁၈နှစ်ရှိပြီ" လို့ ပြောခဲ့ဘူးပါတယ်။ အဲ့သည် အချိန်မှာ အဖေဟာ အချိန်တော်တော်ကြာ တိတ်ဆိတ်သွားပြီး မျက်ရည်ဝဲခဲ့တယ်။ အဲ့သည် အချိန်တုန်းကတော့ ငယ်တဲ့ စိတ်ဇောနဲ့ ကျွန်မ အဖေ့ခံစားချက်ကို နားမလည် ပေးခဲ့ပါဘူး။ နောက်ပိုင်းမှ အမေ့ဆီက ပြန်သိရပါတယ်။ အဖေဟာ အဲ့သည်နေ့က အရမ်း ခံစားရလို့ သူ့ကို ရင်ဖွင့်ကြောင်းနဲ့ နှလုံးရောဂါ ထခဲ့ကြောင်းပါ။ အခုအချိန်မှာ "အဖေ့ကို သမီး ချစ်ပါတယ်။ သမီး ပြောခဲ့တာအတွက် ခွင့်လွှတ်ပါ"လို့ ပြောချင်ရင်တောင် အဖေက ကျွန်မနဲ့ အဝေးဆုံးကို ထွက်သွားခဲ့ပါပြီ။ အဖေ သည် လောကကြီးက ထွက်ခွာ သွားတဲ့နေ့ဟာ မြင့်မိုရ်တောင် မက၊ ရွှေတောင်ကြီး မက၊ ကမ္ဘာ ပျက်သွားတဲ့နေ့ပါဘဲ။ အဲ့သည် နေ့ရက်တွေကို ကျွန်မ ဘယ်တော့မှ မမေ့သလို ဘယ်တော့မှလဲ မေ့လို့ရတော့မှာ မဟုတ်ပါဘူး။

စာဖတ်သူ မိတ်ဆွေ၊ သင့်မှာ သည်အခွင့်အရေး ရှိနေသေးရင် မနက်ဖြန်ကို မစောင့်ပါနဲ့။ သည်နေ့ဘဲ သင့် ဖခင်ကို ချစ်ကြောင်း ပြောပါ။ ကျွန်မ အဖေရဲ့ စကားလေး တခွန်းကို သည်နေ့တိုင် နားထဲမှာ ကြားယောင် နေဆဲပါ။ ကျွန်မ အဖေ လို ဘယ်အဖေကမှ သူ့သမီးကို သည်လိုပြောမှာ မဟုတ်ဘူးလို့ ထင်ပါတယ်။ အဲဒီ စကားကတော့ "သမီးလေးသာ မရှိရင် ပါးပါးတော့ သေမှာပဲ"တဲ့။ အခုအချိန်မှာတော့ ကျွန်မ ဘယ်လောက်ပဲ ဝမ်းနည်း ကြေကွဲပါစေ။ အဖေ မသိနိုင်တော့ပါဘူး။ နောင်းမှ ရတဲ့ နောင်တဟာ ကြေကွဲစရာတွေနဲ့ဘဲ အဆုံးသတ်တယ်ဆိုတာ … …။)

**(ဇီအုန်သတို့သမီး)** ဖခင်များနေ့ ကိုဂုဏ်ပြု၍ ရေးသားခြင်းဖြစ်ပါသည်။



---

## အိမ်မြှောင်ဥပမာ

ကျွန်တော့်ရဲ့ အိမ်ခန်းကလေးဟာ နှစ်ရှည်လများ ကြာရှည်စွာ နေထိုင်လာခဲ့တာမို့လို့ ဟောင်းနွမ်းလို့ လာပါပြီ။ ငွေပိုငွေလျှံလေး ရှိလာတော့ အခန်းပြန်ဖွဲ့ဖို့၊ ပြုပြင် မွမ်းမံဖို့ စီစဉ် ရပါတော့တယ်။ ကျွန်တော်တို့ အိမ်ခန်းတွေက အုတ်နံရံတွေနဲ့ ဆောက်ထားတာ မဟုတ်ပဲ သစ်သား နံရံတွေနဲ့ လုပ်ထားတာ ဖြစ်ပြီး ကြားထဲမှာ **gap** ရှိနေပါတယ်။ အခန်းနံရံ တစ်ဖက်ကို တစ်ဝက် တစ်ပျက် ဖျက်ပြီးတဲ့ အချိန်မှာတော့ နံရံနှစ်ဖက်ရဲ့ ကြားမှာ အိမ်မြှောင် တစ်ကောင် ဟာ နံရံရဲ့ သံချက်နဲ့ သူ့ရဲ့ခြေထောက်ကို ထုတ်ချင်းခတ် ရိုက်မိပြီး အသက်ရှင်လျှက် ပိတ်မိနေတာကို အံ့သြစွာ တွေ့လိုက်ရပါတယ်။ ဒီအိမ်မြှောင်လေး ဘယ်ကိုမှ အစာရှာဖို့ သွားလို့ မရပဲနဲ့ ဘယ်လို အသက်ရှင်နေသလဲဆိုတာ ကျွန်တော် လုံးဝကို မစဉ်းစား တတ်တော့ပါဘူး။ ဒါနဲ့ပဲ ကျွန်တော် ဒီအိမ်မြှောင်လေး ဘယ်လို အသက်ရှင်နေသလဲ ဆိုတာကို စောင့်ကြည့်ဖို့ ဆုံးဖြတ်ချက်ချလိုက် ပါတယ်။

သိပ်မကြာလိုက်ပါဘူး။ အိမ်မြှောင် နောက်ထပ်တစ်ကောင် ရောက်လာပြီး တော့မှ ပါးစပ်ချင်း တေ့ပြီး အစာ လာခွံ့ကျွေးတာကို တွေ့ လိုက်ရတော့ ကျွန်တော် အလွန်ကို နောင်တရ သဘောပေါက် သွားပါတော့ တယ်။ ဒီအိမ်မြှောင် လေးတွေဟာ သူ့ရဲ့ အဖော်ကို သစ္စာရှိစွာနဲ့ ရက်ရှည် လများ ပြုစုခဲ့ပါလား၊ ကျွန်တော် တို့လူ သားတွေကရော … ။ ။ **ဇီးရိုး** (မိခင်များနေ့အတွက် ရရှိ သော e-mail ကို ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်။)



---

## ဆုတောင်းပြည့်ဘုရား

**သဲမေဦး**

တစ်ခါတစ်ရံမှ ဖြစ်လာတတ်သော အရာတစ်ခု "မယုံကြည်နိုင်သော အဖြစ် အပျက်" ကို လူတွေက တိုက်ဆိုင်မှုဟု မှတ်ချက်ချ ကြပါသည်။ ဒါပေမယ့် ဒီ အဖြစ်အပျက် လေးကတော့ တိုက်ဆိုင်မှု မဟုတ်တာ သေချာပါသည်။ဘာကြောင့်လည်း ဆိုတော့ ယုံမှားသောစိတ်နှင့် ကင်းလျှက် အလိုတော်ကို ဝန်ခံလျှက် တောင်းသောဆုတိုင်းကို ပြည့်စုံ စေသော ဆုတောင်းပြည့်ဘုရား၏ တန်ခိုးတော် သက်သက်ကြောင့်ဖြစ်ပါ သည်။ ဟာလေလုယ…။

အစက ဒီလိုပါ။ တိုတို ပြောရရင်တော့ ကျွန်မ သင်တန်း ဆင်းခါစ မိတ္ထီလာ ချည်မျှင်နှင့် အထည်စက်ရုံမှာ အလုပ် ရခါစ၊ ဝင်ခါစ အချိန်ကလေး ၁၉၈၀/၈၁ ခုနှစ် စက်ရုံ ကလည်း စံပြစက်ရုံဆု ရဖို့ အသည်းအသန် နေ့ရော ညပါ အဆိုင်း၃ဆိုင်း ခွဲ၍ ကုန်ထည်စွမ်းအား တိုးရန် ကြိုးပမ်းနေသော အချိန်ကာလ။ နေ့ဆိုင်းကို ပထမ အလှည့်၊ ညဆိုင်းကို ဒုတိယ အလှည့်၊ ည၁၂နာရီ ကျော်လျှင် ၁နာရီမှ နံနက် ၄နာရီကို တတိယ အလှည့်ဆိုပြီး အလှည့် ၃လှည့်နဲ့ မနားမနေ အလုပ်သမားများ ကြိုးစား လုပ်ကြရပါသည်။ **Sunday** လည်း အချိန်ပို ဆင်းရပါသည်။ ကျွန်မ



သခင့်စကား ဝိညာဉ်ရေးရာစာစောင်အမှတ်စဉ် ၉၅၊ ဇူလိုင်လ ၂၀၀၉။ စင်ကာပူနိုင်ငံအတွင်းရှိ မြန်မာခရစ်ယာန်အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

မပျော်ပါ။ ကျွန်မက **Sunday** ဆိုရင် စိတ်အေးချမ်းစွာ ဘုရားကျောင်း သွားချင်ပါသည်။ အထူးသဖြင့် လူလွတ်များဖြစ်သော ကျွန်မတို့ ကျောင်းဆင်းကာစ အလုပ်သမားများ ဘုရားကျောင်းသွားဖို့ လုံးဝ မပျက်ကွက်ခဲ့ပါ။ (မှတ်ချက်။ ဌီအချိန်သည် အစိုးရရုံးများ၊ စက်ရုံ၊ အလုပ်ရုံ များ စနေနေ့ကို နေ့တစ်ဝက် အလုပ်ဆင်းရပါသေးသည်။) စိတ်ညစ်နေတဲ့ ကျွန်မ ဘုရားသခင်ကို ချက်ခြင်း တမ်းတလိုက်ပါသည်။ တစ်ပါတ်ကို တစ်ရက် အချိန်ပို မဆင်း မနေရ ဆင်းရမှာဖြစ်သဖြင့် အကယ်၍များ စနေနေ့ကို တစ်နေကုန် ပိတ်ရက် အဖြစ် နိုင်ငံတော်က သတ်မှတ်ပေးခဲ့ရင် စနေနေ့မှာ ကျွန်မ အချိန်ပို ဆင်းပြီး တနင်္ဂနွေနေ့ကို ဘုရားကျောင်းသွားလို့ရမယ်။ ဒါကြောင့် အဖဘုရားရှင် အလိုတော်ရှိရင် ပြင်ဆင် ပေးပါလို့ ကျွန်မ ယုံကြည် စွာနဲ့ ရိုးရိုးလေး ဆုတောင်း လိုက်ပါတယ်။

ကျွန်မရဲ့ ယုံကြည်ခြင်းကို ဘုရားသခင်က ဝမ်းမြောက်စွာ အသိ အမှတ်ပြုတုံ့ပြန်ဖြေ ကြားပေးပါတယ်။ ကျွန်မ ဆုတောင်းပြီး တစ်လလောက် အတွင်းမှာပဲ ရေဒီယို အသံလွှင့်ဌာနကနေ ပြီးတော့ အစိုးရဌာနတိုင်း စနေ၊ တနင်္ဂနွေ နှစ်ရက် စလုံးကို စက်ရုံ၊အလုပ်ရုံ၊ ဌာနဆိုင်ရာများ အားလုံး ပိတ်ရက် အဖြစ် သတ်မှတ်ကြောင်း ကြေညာလိုက်ပါတယ်။ ဟာလေလုယာ။ ဘုရားရှင် နာမ အလွန် ကြီးမြတ်ပါသည်။ ကျွန်မ သိပ်ပျော်သွားတယ်။ ဘုရားရှင် ကိုယ့်ကို သိပ်ချစ် တယ်ဆိုတာကို သိရှိခံစားရတဲ့ ခံစားမှုမျိုးမျှဝေ ခံစားကြည့်ပါ။ ။ **သဲမေဦး**

---

## ခံစားရကောင်းကြီးများထဲမှ အနည်းငယ်သက်သေခံချက်



ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်တော် ခံစားရတဲ့ ကောင်းကြီး မင်္ဂလာများကို သခင့်စကားစာစောင် ကနေတဆင့် သက်သေခံ ဝေမျှချင်ပါတယ်။ ကျွန်တော်ဟာ အလွန်ခေါင်းပါးတဲ့ တောင်ပေါ် ဒေသ တစ်နေရာကနေ မွေးဖွားလာခဲ့ပါတယ်။ အဖဘုရားသခင် ပြင်ဆင် ပေးသနားတော်မူသော ကြောင့် အဒေါ်နေတဲ့ ရန်ကုန်မှာ နေခွင့်ပြီး ကျောင်းတက်ခွင့် ရခဲ့ပါတယ်။ အမိုး အပါးတို့နဲ့ ခွဲရမှာသိပေမယ့် ဝမ်းမနည်းခဲ့ဘူး။ ဘာဖြစ်လို့လည်း ဆိုတော့ အမိုးအပါးတို့ နေတဲ့ တောမှာက ကျောင်း ဆိုရင်လည်း ၄တန်း အထိပဲ ရှိတယ်။ နောက်ပြီး အမိုးအပါး ဖြစ်စေ ချင်တဲ့ ၁ဝတန်းအောင် တက္ကသိုလ် ကျောင်းသား လေးကြောင့်ပါပဲ။ အမိုး အပါး ဖြစ်စေချင်တဲ့ အရာတွေကို အဖဘုရား သခင်ရဲ့ ကူညီမစမှုကြောင့် အောင်မြင်ခဲ့ပါတယ်။ အခု ကျွန်တော်ဟာ မလေးရှားမှာ ခေတ္တ အလုပ်လုပ်နေတဲ့ သူတစ်ယောက်ပါ။ ကျွန်တော့်မှာ အိမ်ထောင်ရှိပြီး သမီးလေး တစ်ယောက်ရှိပါတယ်။ ကျွန်တော် အိမ်ထောင် မကျခင် (လူပျို ဘဝ)မှာ ဆိုးခဲ့ဘူးပါတယ်။ ကျွန်တော်ဟာ အရင်တုန်းက အလုပ်လုပ်လို့ရတဲ့ ပိုက်ဆံကို သုံးဖြုန်းခဲ့ဘူးတယ်။ စိတ်ထဲမှာတော့ ချီးမွမ်းရမှန်း မသိခဲ့ဘူး။ တစ်ခါတစ်လေမှ ဆုတောင်းမိတာကို အဖဘုရားက မပေးရကောင်းလား ဆိုပြီး အဖဘုရားကို စိန်ခေါ် အရက်သောက်ဘူးတယ်။ အဖဘုရားကို စိန်ခေါ်တဲ့ အခါမှာ အဖက ကျွန်တော့်ကို ချက်ခြင်းပဲ အဖြေပေးဘူးတယ်။ ကျွန်တော် အိမ်ထောင်ကျပြီး စိတ်နှလုံး ပြောင်းလဲလာခဲ့တယ်။ အဖဘုရားကို တကယ် ယုံကြည်စွာနဲ့ ဆုတောင်းခဲ့ တယ်။ သမီးလေးဟာ အဖဘုရားထံက တောင်းလို့ ရတဲ့ သမီးလေး ပါပဲ။ အဖဘုရား ပြင်ဆင်ပေးတဲ့ ကျေးဇူးတော်က ပြောလို့ မကုန်ပါဘူး။ သမီးလေး မွေးပြီးလို့ သူ လေးလအရွယ်မှာပဲ ကျွန်တော် မလေးရှားမှာ အလုပ် လာလုပ်ရတယ်။ အဲဒီ အလုပ်ဟာလည်း အဖ ဘုရားပြင်ဆင်ပေးတဲ့ အလုပ်ပါ၊ အဲဒီ အလုပ်ဆိုရင် **Agent fees** ပေးစရာ မလိုဘူး၊ လေယာဉ်လက်မှတ်ဖိုး လောက်ပဲ ကုန်ကျ ခဲ့ရတယ်။ အဲဒါတွေဟာ အဖဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ပဲလို့ စိတ်နှလုံးထဲမှာ အမြဲတမ်း ယုံကြည်မိတယ်။ မလေးရှား ရောက်တော့ တောမှာ အလုပ် လုပ်ရတယ်။ အဲဒီ တောက ကျွန်း ဆိုတော့ ရေ အရမ်းရှားတယ်။ မိုးရွာမှ သောက်ရေ ကောင်းကောင်းရတယ်။ လျှပ်စစ်မီးလည်း မရှိ၊ ခြင်ကလည်း အရမ်း ပေါတယ်။ အဲဒီတောကနေ မြို့ထဲရောက်ဖို့ ၃နာရီလောက် သွားရတယ်။ စက်လှေနဲ့ပဲ သွားလာလို့ရတယ်။ အဲဒီမှာ ရောက်တော့ စိတ်ပျက်ခဲ့မိတယ်။ ဒါပေမယ့် ညတိုင်း အဖဘုရားသခင်ထံ ဆုတောင်းခဲ့တယ်။ ဆုတောင်းလို့ မကြာပါဘူး အဖဘုရားသခင်က မြို့ကို ပြောင်းရွှေ့ဖို့ ပြင်ဆင်ပေးခဲ့ပါတယ်။ အဲဒီတောမှာ တစ်လပဲ နေခဲ့ရပြီး မြို့ထဲမှာ ယခုချိန်ထိ ရေ၊မီး အပြည့်အစုံနဲ့ အဖဘုရားရဲ့ ကောင်းကြီးကို ခံစားရပါတယ်။ အခုအလုပ်လုပ်တဲ့ နေရာမှာလည်း သူဌေးဦးလေး ကိုယ်တိုင်နဲ့ပဲ အလုပ်လုပ်ရတော့ အရမ်းသက်သာပါတယ်။ တစ်နေ့တစ်နေ့ အလုပ် ပင်ပင်ပန်းပန်း မလုပ်ရတော့ အဖဘုရားရဲ့ ကျေးဇူးတော်ကို ပိုပြီး ချီးမွမ်းမိပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားတိုင်းပြည်မှာ အလုပ်လုပ်တဲ့အခါ လုပ်ငန်းခွင်မှာ တခါတလေ အခက်အခဲလေးတွေ အဆင်မပြေမှုတွေ ရှိတတ်ပါတယ်။ အဲဒီ အဆင်မပြေမှု လိုအပ်မှုတွေကို အဖဘုရားထံ ဆက်ကပ် အပ်နှံဖို့ပဲလိုပါတယ်။ ကျွန်တော်တို့ ယုံကြည်တဲ့ အဖဘုရားသခင်ဟာ ဘယ်သူမှ မစွမ်းဆောင် နိုင်တဲ့ အရာကို အစွမ်းဆောင်နိုင်ဆုံး သူတစ်ယောက်ပါပဲ။ ကျွန်တော်တို့ ရောက်နေတဲ့ အရှေ့ မလေးရှားကဆို မြန်မာ စကားနဲ့ မြန်မာစာဟာ ရှားလိုပဲ ရှားပါတယ်။ ပြောချင် ဖတ်ချင်တယ်ဆိုတာတောင် ပိုက်ဆံနဲ့ ဝယ်လို့ မရပါဘူး။ ကျွန်တော် မြန်မာစာလေး ဘာလေး ဖတ်ချင်လို့ မြန်မာပြည်က ဇနီးသည်ဆီမှာ ဖုန်းဆက်မှာဖို့ စဉ်းစားမိတယ်။ စဉ်းစားပြီး နောက် တစ်နေ့မှာပဲ သခင့်စကားစာစောင်နဲ့ နေ့စဉ်ခွန်အားတွေ လက်ခံ ရရှိခဲ့ ပါတယ်။ ကျွန်တော် ဆိုလိုချင်တာက ကျွန်တော်တို့ရဲ့ ကြံဆောင်မှု ရည်ရွယ်မှု တွေကို အဖဘုရားသခင် အချိန်မရွေး နေရာမရွေး အမြဲတမ်း သိရှိတယ်။ ဒါပေမယ့် ကျွန်တော် တို့က အဖဘုရားရဲ့ အကြံအစည်ကို မသိရပါဘူး။ ဘာပဲ ပြောပြော အဖဘုရားရဲ့ အကြံအစည်ဟာ ကျွန်တော်တို့ ကြံစည် ရည်ရွယ် ထားတာတွေထက် ပိုပြီး ပြည့်စုံတယ်လို့ ယုံကြည်စေချင်ပါတယ်။ ကျွန်တော့်ကို နေ့စဉ်ခွန်အားနဲ့ သခင့်စကား စာစောင် လစဉ်တိုင်း ပေးပို့ပေးတဲ့ အတီး ဆာကပေါ်နှင့် သခင့်စကား အဖွဲ့သား အားလုံးကို ကျေးဇူး အထူး တင်ရှိပါတယ်။ သခင့်စကားစာစောင်ထဲက ညီအစ်ကို မောင်နှမများ၏ သက်သေခံ ချက်တွေကို ဖတ်ရပြီး အဖဘုရားရဲ့ ကျေးဇူးတော်ကို ပိုပြီး ယုံကြည် အားကိုးမိပါတယ်။ နိုင်ငံခြားတိုင်းပြည်မှာ အလုပ်လုပ်နေတဲ့ ညီအစ်ကို မောင်နှမများကို အရာရာတိုင်း အဖဘုရားသခင်ထံ အပ်နှံပြီး ကိုယ် ရည်ရွယ်ရာ ခရီးပန်းတိုင်ကို လျှောက်လှမ်းကြပါလို့ ခွန်အားပေးရင်း အနည်းငယ်သော သက်သေခံချက်ကို ဝေလိုက်ပါတယ်။ အခြေပြုကျမ်း။ ရှင်လုကာ ၁၄း၁၁။ **Joseph** ခေတ္တ (Labuon)



---

## ဘုရားသခင်၏ကယ်တင်ခြင်း

စလင်းစန်

ဘုရားသခင်၏ အကြံအစည်နှင့် မေတ္တာ တော် အကြောင်းကို မိတ်ဆွေအား ဝေငှပါရစေ။ ဘုရား သခင်၏ အကြံအစည်နှင့် မေတ္တာတော်သည် အလွန်ကြီးလှပေ၏။ အဘယ် ကြောင့်ဆိုသော် လူသားများနှင့် သက်ရှိ သတ္တဝါများ အားလုံးအတွက် လောကကမ္ဘာကြီးမှာ နေထိုင်လှုပ်ရှားခွင့် ပေးရုံသာမက နေ့စဉ်နှင့် အမျှ အစဉ်အမြဲ စီရင်ဆောင်ရွက် ကြည့်ရှုပေးနေကြောင်း ဖန်ဆင်းသော အရာ များကို ထောက်ရှုခြင်းအားဖြင့် အသက်ရှင်သော ဖန်ဆင်းရှင် ထာဝရ ဘုရား ရှိကြောင်းကို မိတ်ဆွေဆင်ခြင်နိုင်ပါ သည်။

ဖန်ဆင်းရှင်ဘုရား ရှိကြောင်းနှင့် ဘုရားရှင်၏ မေတ္တာတော်နှင့် အကြံအစည် တော်ကို အချို့သောသူများသည် နားမလည်ကြပါ။ (ဆာ ၁၄း၁) ဆွေးမြေ့ ယိုယွင်းနေတဲ့ နှလုံးသားနဲ့ လူတွေဟာအသက်ရှင်နေကြောင်း ဖော်ပြထားပါတယ်။ (ယေရမိ ၁၇း၉) စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း။ စိတ်နှလုံး ပျက်စီးယိုယွင်းနေတဲ့သူဟာ ဘုရားရဲ့ မေတ္တာတော် အကြံအစည်ကို လက်မခံ နားမလည်နိုင်ဘူး။ ကောင်းတာကိုလည်းမလုပ်နိုင်ဘူး။ ဒါကြောင့် အဲဒီလူကို ဘုရားဟာ အပြစ်သားလို့ သတ်မှတ်တယ်။ (ဆာလံ ၅၁း၅) အပြစ်လုပ်လို့ အပြစ်သားဖြစ်လာတာမဟုတ်ဘူး၊ အပြစ်ရှိခြင်းရဲ့ သဘာဝနဲ့ မွေးဖွားလာလို့ အပြစ်လုပ်တတ်ကြတယ်။ ဒါကြောင့် အပြစ်မလုပ်လည်း အပြစ်သားပဲ၊ အပြစ်လုပ်လည်း အပြစ်သားပဲ။ ဥပမာ–ခွေး တစ်ကောင်က ဟောင်လို့ ခွေးဖြစ်တာလား၊ ခွေးဖြစ်လို့ ဟောင်တာလား၊ ခွေးဖြစ်ရင် မဟောင်လည်း ခွေး၊ ဟောင်လည်း ခွေးပဲ၊ ပြာပုံပေါ် အိပ် နေရင်လည်း ခွေး၊ ကောင်းကောင်း မွန်မွန် အိပ်ယာ ကုတင်နဲ့ထားရင် လည်း ခွေးပဲ။

ဒီလိုပဲ အပြစ်သား ဖြစ်သည့် သဘာဝကြောင့် သောက်စားမူးယစ်၊ ရန်ဖြစ်၊ ဆဲဆို၊ ရိုက်ပုတ်၊ လုယက်၊ ခိုးဆိုး၊ ပုန်ကန်၊ သောင်းကျန်း တတ်ခြင်းသာဖြစ်တယ်။ စိတ်ဆိုးနည်း၊ ဒေါသထွက်နည်း၊ မနာလိုစိတ်ထားနည်းတွေ ကိုလဲ သင်ပေးစရာ မလိုပဲ လူတွေဟာ အလိုအလျောက် စိတ်ဆိုးတတ်တယ်၊ ဒေါသထွက်တတ်တယ်၊ မနာလိုစိတ် ဖြစ်တယ်။ (ယော ၃း၁၉) ကောင်းမှန်း သိလျက်နဲ့ မလုပ်နိုင်သလို မကောင်းမှန်း သိလျက်နဲ့ မရှောင်နိုင်ကြဘူး။ ဒါကြောင့် ကောင်းတာ လုပ်နေရင်လည်း အပြစ်သား၊ မကောင်းတာ လုပ်နေရင်လည်း အပြစ်သားပဲ။ ဘာသာတရားတိုင်းကတော့ ကောင်းတာ လုပ်မှ ကောင်းတာကိုရောက်နိုင်မှာ၊ ကောင်းတာကို မလုပ်နိုင်ဘူး မကျင့်နိုင် ရင်တော့ ဇောန်မုချ အပါယ်လားရမှာဖြစ်တယ်လို့ သွန်သင်ထား ကြတယ်။ မိတ်ဆွေအနေနဲ့ ကောင်းတာ ဘယ်နှစ်ခု လုပ်နိုင်သလဲ၊ ဘယ်သူ လုပ်နိုင်သလဲ။ (ရောမ ၃း၁၀) ကောင်းမှုကုသိုလ် လုပ်ပြန်တော့လည်း ကုသိုလ် တစ်ပဲ ငရဲတစ်ပိဿာ ဆိုတဲ့ဆိုရိုးစကားအတိုင်း ကုသိုလ်ထက် အကုသိုလ်ပိုပြီး များနေတာတွေ့ရပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတဲ့


သခင့်စကား ဝိညာဉ်ရေး ရာစာစောင် အမှတ်စဉ် ၉၅၊ ဇူလိုင်လ ၂၀၀၉။ စင်ကာပူနိုင်ငံအတွင်း ရှိမြန်မာခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ကံသုံးပါးနဲ့ နေ့စဉ်နဲ့အမျှ ပြစ်မှားကျူးလွန်ခဲ့မှုကြောင့် ကောင်းမှုကုသိုလ်ကို ဘယ်နည်းနဲ့မှ မလုပ်နိုင်ပါဘူး။ ဥပမာ– လက်ဖက်သုပ် ဘယ်လောက်ပင် ကောင်းစေကာမူ သုပ်တဲ့သူက နူနာရောဂါ စွဲနေရင် ဘယ်သူမှ စားမှာမဟုတ်ဘူး။ ဒီလိုပဲ ကုသိုလ်ကောင်းမှု အကျင့်သီလ ကောင်း သော်လည်း လူနူကဲ့သို့ အပြစ်သား ပေးသော အလှူဒါန ကုသိုလ် ကောင်းမှုကို ဘုရားက လက်ခံမှာ မဟုတ်ဘူး။ (ဟေရှာ ၆၄း၆) မိတ်ဆွေက ကုသိုလ် ကောင်းမှုများများလုပ်လေ ဘုရားရှေ့မှာ ညစ်ပတ်တဲ့ အဝတ်တွေ သွားပေးနေ တာနဲ့ အတူတူပဲ။

အချို့သောသူများက ပညတ်တော်တွေကို လိုက်လျှောက်ရင် ငရဲက လွတ်မယ်၊ ကောင်းကင်ဘုံသွားရမယ်လို့ ထင်တတ်ကြတယ်။ ပညတ်တော် ၁၀ပါးမှာ (ထွက်မြောက် ၂၀း၁၃–၁၄) (မဿဲ ၅း၂၇–၂၈) ငါ ပညတ်သည်ကား ကိလေသာ စိတ်နှင့် သူ့မယားကို ကြည့်ရှုသော သူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် ပြစ်မှားပြီ။ ဘယ်သူက မပြစ်မှားပဲနေနိုင်မလဲ။ စိတ်နှလုံးနဲ့ မှားယွင်းမှုက လူလူချင်း မမြင်နိုင် ပေမယ့် ဘုရားသခင် မြင်တော်မူတယ်။ လူအသက်ကို မသတ်နှင့် (၁ယော ၃း၁၅) မိမိ ညီအစ်ကို ကိုမုန်းသောသူမည်သည်ကား လူ အသက်ကို သတ်သောသူ ဖြစ်၏။ ကိုယ့်ရဲ့ ညီအစ်ကိုမောင်နှမချင်း တစ်ယောက်နဲ့တစ်ယောက် မမုန်းဖူးတဲ့သူ ရှိသလား၊ မုန်းရင် သတ်ပြီးပြီ။ သူ့ ဥစ္စာကို မခိုးနှင့်(မာလခိ ၃း၈)။ မိတ်ဆွေ ဆယ်ဖို့တစ်ဖို့ ပေးရဲ့လား၊ ကိုယ် ပိုင်ဆိုင်သော ပစ္စည်း၊ ငွေကြေး၊ အချိန် ဆယ်ဖို့ တစ်ဖို့ မပေးနိုင်ရင် သူခိုး ဓါးပြပဲ။

(ယာကုပ် ၂း၁၀)။ ပညတ်တော်ကို ဘယ်နှစ်ချက် လိုက်လျှောက်နိုင်သလဲ၊ မလိုက်လျှောက်နိုင်ရင် အပါယ်မှာပဲ လမ်းဆုံးရမှာဖြစ်ပါတယ်။ (ရောမ ၇း၇)။ ပညတ်တရားဆိုတာ သိဖို့ပေးတာ၊ ကိုယ်က မလုပ်နိုင်ဘူး၊ မလိုက် လျှောက်နိုင်မှန်းသိပြီး ငရဲမှ ကယ်တင်ပေးမယ့် ကယ်တင်ရှင် လိုအပ်ကြောင်း သိမြင်လာဖို့ လိုတယ်။ ထိုအပြစ်ငရဲမှ လွတ်မြောက်နိုင်သော နည်းလမ်းမှာ တစ်လမ်းပဲရှိတယ်။ (ယော ၁၄း၆) ယေရှုက ငါသည်လမ်းခရီးဖြစ်၏၊ ငရဲက လွတ်မြောက်ပြီး ကောင်းကင် သုခချမ်းသာ ရောက်နိုင်တဲ့ နည်းလမ်းက ယေရှုက လွဲရင် အခြားဘယ် နည်းမှ မရှိပါဘူး။

(မဿဲ ၁း၂၁) ယေရှုဟူသော အမည်မှာ "အပြစ်မှ ကယ်ချွတ် မည့်သူ" လို့ အဓိပ္ပါယ်ရှိတယ်။ သခင်ယေရှုသည် လူ့ဇာတိခံသော ဘုရား စင်စစ် ဖြစ်တယ်။ ဘုရား ကနေ လူလာဖြစ်တာ၊ လူကနေ ဘုရားဖြစ်တာ မဟုတ်ဘူး၊ အဖေ အမေကနေ ပေါင်းစပ်ပြီးလည်း မွေးလာတဲ့ဘုရား မဟုတ်၊ သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့် ပဋိသန္ဓေယူပြီး မွေးဖွားလာခြင်းသာ ဖြစ်တယ်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ကျော်မှာ မွေးလာတဲ့ ဘုရားလည်း မဟုတ်ဘူး၊ ကမ္ဘာ မတည်မရှိ ခင်ကပင် ဘုရားဖြစ်တယ်။ လူ့ဇာတိခံ မွေးဖွားလာတာကတော့ နှစ်ပေါင်း ၂၀၀၀ကျော် ရှိပြီ။ ယေရှု လောကမှာ သက်တော်ထင်ရှားရှိစဉ် အချိန်ကာလမှာ နူတဲ့ သူတွေကို သန့်ရှင်းစေတယ်၊ မျက်စိ ကန်းသူတွေကို မြင်စေတယ်၊ ခြေလက်သေနေတဲ့ သူတွေကို တကိုယ်လုံး ကျန်းမာစေတယ်၊ နတ်ဆိုးတွေကို နှိမ်နင်းတယ်၊ မုန့်ငါးလုံးနဲ့ ငါးနှစ်ကောင်ကို လူငါးထောင်အားကျွေးလို့ ဝရုံသာမက ၁၂တောင်း ပိုလျှံတယ်၊ သဘာဝလေပြင်းမုန်တိုင်းအပေါ်မှာလည်း ထိန်းချုပ် ငြိမ်စေ နိုင်တယ်၊ ရေကနေ စပျစ်ရည်ဖြစ်စေတယ်၊ သေသူကို ရှင်စေခဲ့တယ်၊ တရား တွေလည်း ပြခဲ့တယ်၊ ရှိတဲ့သူက မရှိတဲ့သူကို ပေးကမ်းစွန့်ကြဲပါလို့ တရားပြ တရားဟောခဲ့ပါတယ်။ သူကိုယ်တိုင်လည်း လုပ်တယ်၊ တန်ခိုးပြရုံ သက်သက် တရားပြရုံ သက်သက် လောကကို လာခြင်းမဟုတ်ဘူး။ ယေရှု လောကကို လာရခြင်း အကြောင်းက (၁တိ ၁း၁၅) အပြစ်ရှိသောသူကို ကယ်တင်ရန် ဤလောကသို့ ကြွလာတော်မူ၏လို့ ပြောပြထားပါတယ်။ ဒါကြောင့် လောကီ သားများအား ကယ်တင်ရန် အပြစ်ရဲ့ အဖိုးအခဖြစ်တဲ့ သေခြင်းတရားကို ယေရှုခရစ်သည် လက်ဝါးကပ်တိုင်ပေါ်မှာ အပြစ်သားများကိုယ်စား အသေခံအသွေး သွန်းခဲ့ ပေးခြင်းကြောင့်သာ အပြစ်ငရဲမှ ရွေးနှုတ် ကယ်တင်ခဲ့တယ်။

အသေခံပြီး ၃ရက်မြောက်သောနေ့မှာ ရှင်ပြန် ထမြောက်ခဲ့ကြောင်း အတိ အလင်း ဖော်ပြထားပါတယ်။ လူ့ရဲ့ကြိုးစားအားထုတ်မှုနဲ့ အပါယ်ငရဲမှ မလွတ် မြောက်နိုင်သောကြောင့် ယေရှုခရစ်သည် မေတ္တာနှင့်အသက်ပေးလျက် အဖိုးအခ ပေးပြီးကြောင်း၊ ထိုကျေးဇူးပြုခြင်းကို လက်ခံယုံကြည်မှသာ အပါယ်ငရဲမှ လွတ်မြောက်ပြီး ကောင်းကင်ချမ်းသာတရပ်ဟူသော အသက်ရှင်တဲ့ ဘုရားရှိတဲ့နေရာကို ဧကန်အမှန် ရောက်ရှိနိုင်ကြောင်း မေတ္တာနှင့် အသိပေးဝေငှလိုက်ရပါတယ်။

အထက်ပါ ဝေငှချက်ကို သဘောတူပါက ဤဆုတောင်းချက်ကို ဆုတောင်း စေလိုပါတယ်။ သခင်ယေရှုဘုရား ကိုယ်တော်ကို အကျွန်ုပ် လိုအပ်ပါ၏။ ကျွန်ုပ် အပြစ်များအတွက် ကိုယ်တော်သည် လက်ဝါးကပ်တိုင်၌ အသေခံ၍ အသွေး သွန်ခဲ့ ပေးသောကြောင့် ကျေးဇူးတင် ပါ၏။ အသေခံပြီး ၃ရက်မြောက်သောနေ့၌ ရှင်ပြန် ထမြောက်တော်မူသော ဘုရား ဖြစ်ကြောင်းကို ကျွန်ုပ်ယုံကြည်ပါ၏။ လက်ခံပါ၏။ အကျွန်ုပ် စိတ်နှလုံးထဲသို့ ဝင်ရောက် အုပ်စိုး နေရာယူတော်မူပါ။ ကျေးဇူးတင်ပါ၏။ အာမင်... ခရစ်တော်၏ မေတ္တာတော်၌ **စလန်းစန်**

---

## သက်သေခံချက် ( အားချာ )

ကျွန်မရဲ့ ခံစားချက်လေးတချို့ကို သခင့်စကားစာစောင် မှတဆင့် သက်သေခံ ဝေငှခွင့်ရတဲ့အတွက် ဖတ်ရှုသူ အယောက်တိုင်းအပေါ် ဘုရားရှင်ရဲ့ မေတ္တာတော် တို့ထိခြင်းရှိပါစေလို့ ဆုတောင်းရင်း သက်သေခံလိုက်ပါတယ်။

စင်္ကာပူမှာ ကျွန်မရဲ့ အလုပ်အကိုင်က အိမ်လုပ်ငန်းပါ။ ဒီလို အလုပ်ကို လုပ်ခွင့် ပေးထားတဲ့ ဘုရားရှင် ဘုန်းကြီးပါစေ။ စင်္ကာပူမှာ လာပြီး အလုပ် လုပ်ကိုင်ရခြင်းမှာ ကျွန်မရဲ့ မိဘနှစ်ပါးက ပင်ပန်းကြီးစွာ ရှာဖွေပြီး၊ သမီးလေး ကျောင်းစရိတ်အတွက် ပူပန်စရာ မလိုအောင် အများသူငါလို ကျော့ကျော့မော့မော့ နေနိုင်ဖို့အတွက် ကြိုးစားရှာတဲ့ မိဘနှစ်ပါးအတွက် ကျေးဇူး ဆပ်ချင်လို့ဖြစ်ပါတယ်။ ဘယ်လို ကျေးဇူးပြန်ဆပ်နိုင်ပါ့ မလဲဆိုပြီး သိတတ်တဲ့အချိန်ကတည်းက သခင့်ထံမှာ တိတ်ဆိတ်စွာ ဆုတောင်း နေခဲ့ပါတယ်။ ကျွန်မ ပညာရေး အတန်း ကြီးလာလေ၊ ဖေဖေမေမေ ပိုပင်ပန်းစွာ အလုပ် ကြိုးစားနေရတာကို တွေ့ရတော့ ကျွန်မ ရင်ထဲမှာ ခံစားရပါတယ်။ ကျွန်မ ငွေလိုအပ်တိုင်း ဖေဖေနဲ့မေမေ့ကို ပြာယာခတ်စေခဲ့တယ်။ တခါတလေမှာ လိုအပ်ရင် လိုအပ်သလို လွယ်ကူစွာ တောင်းလို့ရသလို၊ တခါတလေ မိဘလက်ထဲမှာ ငွေမရှိ တဲ့အခါဆိုရင် မေမေ့ကို ကျွန်မ ဘယ်လို မျက်နှာမျိုးနဲ့ ကျူရှင်ခ ပေးပါ၊ ဘာ လိုအပ်လို့ ဝယ်ချင်တယ်ဆိုပြီး မတောင်းဝံ့ခဲ့ဘူး။ ကျွန်မ အရေးကြီးချိန် မိဘမှာ ငွေမရှိချိန် တိုးရင် မဖြစ်မနေ တောင်းရမှာမို့ ရှေ့မျက်နှာ နောက်ထားပြီး မေမေ သမီး ငွေလိုတယ် ဘယ်လောက်ပေးပါလို့ ပြောလို့မှ စကားမဆုံးသေး ကျွန်မတို့ရဲ့ ကုန်သည်ဆီ မေမေ့ခြေလှမ်းတွေ သွားနေပြီ။ ကျွန်မက မေမေ့ကျောပြင်ကို ကြည့်ပြီး ဆုတောင်း ပေးနေရတယ်။ ကုန်သည်ဆီမှာ ငွေကြိုထုတ်လို့ ရပ့ါမလားဆိုပြီးလည်း စိတ်ပူမိတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်မတို့က ကုန်သည်ဆီမှာ ငွေများစွာ ကျန်ရှိရင် တောင် ကုန်သည်က မီးသွေး၊ သစ် ရောင်းမထွက်လို့ ကျွန်မတို့ကို ချက်ခြင်း ငွေမရှင်းပေးနိုင်ဘူး။ ဒီလိုအချိန်ဆို ကျွန်မတို့ ခက်ခက်ခဲခဲ ရှိပါတယ်။ ကိုယ့်ဆီမှာ ငွေမရှိလို့ ကြိုထုတ်ရင် ပိုခက်ခဲတယ်။ တခါတလေ ဖေဖေနဲ့မေမေ မျက်နှာ ငယ်ငယ်နဲ့ ပြန်လာရတယ်။ ကုန်သည်ဆီက နင်တို့တွေ အချိန်ပြည့် ငွေလိုနေတယ် မပေးနိုင်ဘူးဆိုပြီး အပြောခံလိုက်ရတဲ့ အရသာလေးနဲ့ ပြန်လာတဲ့ ဖေဖေ မေမေကို မကြည့်ရက်ဘူး။ ဥခင်ခရစ်တော် ကျွန်မရဲ့ စကားသံကို နားညောင်းပါတယ်။ အခုဆိုရင် ကျွန်မ စင်္ကာပူကို ရောက်တာ ၁နှစ်ကျော်ပါပြီ၊ မိဘတွေကို ကောင်းစွာ မထောက်ပံ့နိုင်ပေမယ့် အရင်တုံးကလို ငွေလိုအပ်ရင် မျက်နှာ ငယ်စရာမလို၊ ကုန်သည်ဆီက ကြိုတင် ငွေယူစရာ မလိုတော့ပဲ ကောင်းစွာ လည်လည်ပတ်ပတ် မိဘတွေကို ထားနိုင်ဖို့အတွက် ဘုရားရှင်က ကျွန်မကို ကျေးဇူး တော်များစွာ ချပေးခြင်း ခံစားရပါတယ်။

နောက်ဆုံးတစ်ခု ကျွန်မရဲ့ ဆုတောင်းသံက ကျွန်မ မိသားစုနှင့် ကျွန်မ ဘဝ မမေ့ဖို့၊ မာန်မာန မရှိဖို့ပါပဲ။ ဘဝမေ့ ရောဂါနဲ့ မာန်မာန ရောဂါ ကို ကျွန်မ ကြောက်တယ်။ ပြီးတော့ နံပါတ် (၁)ဆင်းရဲမှာ ကြောက်တယ်။ ဒါပေမယ့် ဘုရားရှင်က (ဟေရှာ ၄၁း၁၀) အားဖြင့် ကျွန်မကို ခွန်အား ဖြစ်စေခဲ့တယ်။

နံပါတ်(၂) မာန်မာနကြီးခြင်းကို ကျွန်မ ကြောက်တယ်။ ဒီတစ်ခါတော့ ကိုယ်တော် ပြောနေတယ် (သုတ္တံ ၁၁း၂)။ ကျွန်မရဲ့ ဦးနှောက်၊ စိတ်တွေကို အသိဉာဏ် ဖြစ်စေတယ်။ ဒါကြောင့် မိတ်ဆွေတစ်ဦးကို ပြောဖူးတယ် ဘယ်အချိန်မှာပဲဖြစ်ဖြစ် ငွေကြေးရှိခဲ့တဲ့ တစ်နေ့ မာန်မာန တက်ပြီး ဘဝ မမေ့သွားဖို့ ဆင်းရဲသူကို ဝေငှဖို့ပြောပြတယ်။ မိတ်ဆွေက ပြန်ပြောတယ် ငါက ဘယ်လောက်ငွေ ချမ်းသာ ချမ်းသာ မာန်မာနမရှိဘူး ဆိုပြီး ကြွေးကြော်တယ်။ ကျွန်မ ပြန်ရှင်းပြလိုက်တယ်၊ မှန်ပါတယ် သို့သော်လည်း စင်္ကာပူမှာ အလုပ်လုပ်တာ သူများ အလုပ်ပါ၊ သူလိုကိုယ်လို အလုပ်ထဲမှာ ဒုက္ခတွေအမြဲ ရင်ဆိုင် လုပ်ကိုင်ရတဲ့ အချိန်မို့ ရလာတဲ့ လစာ အပေါ်မူတည်ပြီး မာန်မာန မရှိကြဘူး။ ဒါပေမယ့် မြန်မာပြည်ပြန် ရောက်ရင် မာန်မာနနဲ့ ဘဝမေ့ရောဂါ အချိန်မရွေး ထွက်ပေါ်လာနိုင်တယ်လို့ ပြောပြဖူးတယ်။ အဲဒီတော့မှ မိတ်ဆွေနားလည်သွားပါတယ်။ အဲဒီလို မဖြစ်အောင်လည်း ကျွန်မတို့က တစ်ဦးချင်းစီ ကြိုတင်ဆုတောင်းမယ်ဆိုရင်၊ တကယ် ဖြူစင်တဲ့လောကမှာ ဖြူစင်တဲ့လူသားတွေ ရှိမယ် ဆိုရင်... ချစ်သော ညီအစ်ကို မောင်နှမများ စိတ်ကူး ပုံဖော်ကြည့်ပါနော်။ အယောက်စီတိုင်း အပေါ် ဘုရားရှင် မေတ္တာတော် သက်ရောက်ပါစေ။ ॥ **အားချာ**

## သို့ သူငယ်ချင်း: *ခတ္တာ (ရွှေသံလွင်)*

ခတ္တာ စာနဲ့ပဲ နှုတ်ဆက်လိုက်တယ်နော်။ နင်တက်တဲ့ ဘုရားကျောင်းမှာ အတူတကွ မျက်နှာချင်းဆိုင် မိတ်သဟာယ ဖွဲ့ချင်ပေမယ့် မိတ်ဖွဲ့ခွင့် မရတာ sorry နော်။ ငါက ငါ့ boss တွေနဲ့အတူ သူတို့တက်တဲ့ ဘုရားကျောင်းမှာ အမြဲ လိုက်နေရတယ်လေ၊ ဒါပေမယ့် သခင့်စကားစာစောင်လေး ကနေ အမြဲ သတိရ နေမယ်နော်။ ခက်ခဲခြင်း၊ အဆင်မပြေခြင်းတွေနဲ့ ကြုံတွေ့ရတဲ့အချိန်မှာ ဘဝအတွက် သင်ခန်းစာအဖြစ် မှတ်ယူပြီး ရဲရင့်စွာ ရင်ဆိုင်ကျော်ဖြတ် ပါနော်။ မြန်မာပြည်နဲ့ တကွ ဌာနေမိသားစုကို လွမ်းဆွတ်ရတဲ့အခါ အလုပ်ကြိုးစားခြင်းဖြင့် မေ့ပျောက် နိုင်အောင် လေ့ကျင့်ပါနော်။ ဘဝမှာ ပျော်ရွှင်လွတ်လပ်ခြင်းထက် လိုအပ်ချက် တွေအတွက်ပဲ ရုန်းကန်ကြိုးစားရတဲ့အချိန်က ပိုများပါတယ်။

ဘဝခရီးကို လျှောက်လှမ်းတဲ့အချိန်မှာ ခရစ်တော်နဲ့အတူ လျှောက်လှမ်းဖို့ တိုက်တွန်းပါရစေ။ ခရစ်တော်ပါတဲ့ အသက်တာမှာ ဘယ်လို အခြေအနေမျိုးမှာမဆို ဝမ်းမြောက်ငြိမ်သက်ခြင်းရှိပါတယ်။ ရုန်းကန်ရခြင်းဟာလည်း တို့အတွက် စိန်ခေါ်ခြင်းတစ်ခုပါ။ ခရစ်တော် တို့နဲ့ အတူပါရှိခဲ့ရင် လောက စိန်ခေါ်ခြင်း တိုင်းဟာ ပျော်စရာကောင်းတဲ့ ယှဉ်ပြိုင်မှုတစ်ခု ဖြစ်လာပါလိမ့်မယ်။ စစ်မှန်တဲ့ အောင်မြင်မှုကို ခရစ်တော်နဲ့အတူ ကြိုးစားရယူပါနော်။ "ထာဝရဘုရားကို မျှော်လင့်သော သူတို့မူကား အားပြည့်ကြလိမ့်မည်။ ရွှေလင်းတ ကဲ့သို့ မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့် မည်။ ပြေးသော်လည်း မပင်ပန်း ခရီးသွားသောအခါ မမောရကြ"။ (ဟေရှာယ ၄၀း၃၁)

---



## မေမေ *(နော်ဖောထာ)*

သို့ မေမေ၊ သမီးစာရေး လိုက်ပါတယ်။ မိုက်ပြစ်တွေအတွက် တောင်းပန် ချင်ပေမယ့် မကြားနိုင်တော့ဘူးနော်။ ဒါပေမယ့် ကောင်းကင်ဘုံ တစ်နေရာ ကနေ ဂရုဏာ မျက်ဝန်းတစ်စုံနဲ့အတူ မေတ္တာတရား ကြီးမားစွာနဲ့ ခွင့်လွှတ်နေမယ်ဆိုတာ သမီးအကြွင်းမဲ့ ယုံကြည်နေပါတယ်။ မေမေ... သမီး ကို မေမေ ခွဲသွားတာ ၅နှစ်ကျော်ခဲ့ပြီနော်။ တစ်ချိန်တုန်းက သား သမီးတွေရဲ့ ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ခဲ့တဲ့ မေမေ၊ သူတပါးရဲ့ ကဲ့ရဲ့ ရှုတ်ချမှုကို ကာကွယ် ပေးခဲ့တဲ့ မေမေ၊ သမီးရဲ့ အပြစ်တွေအတွက် ရှေ့ကနေ ရပ်တည်ပေးပါဦးလို့ မခေါ်ရက် တော့ပါဘူး။ ဘုရားရှင်ရဲ့ ရင်ခွင်တော်မှာ အေးချမ်းစွာ နေ နေတဲ့ မေမေ့ကို မပူလောင်စေချင်တာ အမှန်ပါ။ သမီးလေ ဒီနိုင်ငံမှာ အလုပ် လာလုပ်နေရပြီလေ။ မေမေနဲ့ တုန်းက ပေါ်ကြော့နေခဲ့တဲ့ သမီး၊ ငွေကို ဘယ်လို ရှာရမှန်း မသိတတ်ခဲ့တဲ့ သမီး၊ အခုတော့ သိသွားပါပြီ မေမေ။ နင့်ရဲ့ လုပ်စာကို တစ်ပြားမှ မစားရသေးဘူးလို့ ပြောခဲ့တဲ့ စကားသံကို အခုထိ ကြားယောင်နေဆဲပါ။ သမီးကို ကောင်းစားစေချင်လို့ ဆူပူ ကြိမ်းမောင်း သံကို မှားယွင်းစွာ တွေးထင်မိတယ်။ မေမေ့ကို သမီး ပြန်လည် ပြောဆို ခဲ့တဲ့ စကားတွေအတွက် တောင်းပန်ချင်ပေမယ့် နှောင်းခဲ့ပါပြီ။ ဘုရားရှင်ရဲ့ ပို့ဆောင်မှုကြောင့် သမီးလေး ဒီနိုင်ငံမှာ အလုပ်လာလုပ်ခွင့် ရရှိခဲ့တယ်။ ကျေးဇူးတော် ချီးမွမ်းဖို့ နေနေသာသာ ခံစားရတဲ့ ကောင်းကြီးမင်္ဂလာကို သိလျက်နဲ့ မသိဟန်ဆောင် နေလာခဲ့သမျှ ဒီကို ရောက်မှ နောင်တ ကောင်းကောင်း ရလိုက်တယ်။ သမီးရဲ့ မာန်မာနတွေ ဒီကျမှ ခဝါချ ခံလိုက်ရတယ်။ အမြဲပဲ အမှတ် ရနေမယ့် အဖြစ်လေးတွေကို မေမေ့ကို ရင်ဖွင့်ပါရစေလား။ မိခင်များနေ့က အိမ်ရှင် မိသားစုတွေနဲ့ ဆွေမျိုး တွေစုံတဲ့ dinner ပွဲမှာပေါ့၊ သမီးလည်း လိုက် သွားရ တယ်။ ထမင်း ပန်းကန်လုံး တစ်လုံးထဲကို ပုဇွန်တစ်ကောင်၊ အရွက်ကြော် တစ်ရွက် ထည့်ပေးတယ်။ နောက်ပြီး ပြောသေးတယ် ထမင်းကို ဖြည်းဖြည်းစားတဲ့ နောက် ကျရင် ဟင်းတွေ အများကြီး လာအုံးမှာတဲ့လေ။ သမီးလည်း သူတို့ ပြောသလိုပဲ စားတယ်။ ထမင်းသုံးလုတ် ပါးစပ်ထဲ ထည့်လိုက်ပြီး ထိုင်နေလိုက်တယ်။ နောက် ကြက်ဥကြော် လာချတော့ တစ်လုတ်စာလောက် ထည့်ပေးတယ်။ စားလိုက် ထိုင် နေလိုက်နဲ့ သူတို့တွေကျတော့ ပျော်ပျော်ပါးပါး စားနေလိုက် ကြတာ သမီးလေ အရမ်းရှက်ပြီး မျက်ရည်တွေ အရမ်း ကျခဲ့ရတယ်။ မိသားစု စုံစုံလင်လင်နဲ့ ပျော်ရွှင်နေကြတဲ့ လူတွေ ကြားထဲမှာ လုံးဝ အရှက်ကင်းမဲ့စွာ ငိုခဲ့ရတယ်။ နောက် အဖြစ်လေး တစ်ခုကတော့ အိမ်မှာပါ။ အိမ်ရှင်တွေ national day မှာ ဗန်ကောက်ကို သွားတယ်။ သူ့အမေက နေ့လည်စာ လာပေးတယ်။ ကြည့် လိုက်တော့ မွေးကင်းစ ကလေးတွေရဲ့ လက်သီးဆုပ်လောက်ရှိတဲ့ ဒူးရင်းသီး ဆယ့်တစ်မွှာ၊ ကန်ဇွန်းဉ ခြောက်တုံးကို ဂျင်းနဲ့ ပြုတ်ထားတဲ့ အရည် တစ်ခွက် လာပေး တယ်။ သမီးလည်း ထမင်း လာပေးဦးမလားလို့ စောင့်နေ ပေမယ့် ပေါ်မလာ တော့ဘူး။ သမီးလည်း ဘယ်ရပ့်မလဲ မေမေရယ် ဆန်ပြုတ် ပြုတ်သောက် လိုက်တာပေါ့။ အရသာ ရှိတဲ့ဟာ မှန်သမျှ ထည့်ပြုတ်ပြီး စားလိုက်တာ ကောင်းလိုက်တာ မေမေရယ် နတ်သုဒ္ဓါလို့တောင် တင်စား လိုက်ချင်တော့ တယ်။ ဒီလို အဖြစ်လေးတွေ အများကြီး ရှိပေမယ့် ဒီနေ့ ဒီအချိန်ထိ ခံနိုင်ရည် ရှိအောင် ခွန်အားပေးတဲ့ အဖ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို အမြဲပဲ ချီးမွမ်းမိ ပါတယ်။ ကျမ်းစာဖတ် ဆုတောင်းရင်းနဲ့ ခွန်အား တောင်းခံတတ်လာပါပြီ။ ဒါပေမယ့် စာတန်ရဲ့ စုံစမ်းသွေးဆောင်မှုကို မကျော်လွှား နိုင်သေးဘူး။ ဒါကြောင့် ဘုရားရှင်နဲ့ မိမိဘဝ အသက်တာကို အတူ လျှောက်လှမ်းနိုင်ဖို့ကို ကောင်းကင်ဘုံ တစ်နေရာကနေ မေမေ သမီး အတွက် ဆုတောင်းပေးနော်။ (ဆာလံ ၁၄၃း၄)

---



## *MY LOVELY FATHER* (Life)

ကျနော့်ရဲ့ ဖေဖေ ကျနော့်ကို သိပ်ချစ်ကြောင်း ပြောပြချင် လွန်းလို့ပါ။ ကြွားတယ်လို့လည်း မထင်စေချင်ဘူး။ ပိုလွန်း လှတယ်လို့လည်း မဆို စေချင်ဘူး။ ဟုတ်မှ ဟုတ်ပါ့မလားလို့ မယုံသင်္ကာလည်း မဖြစ်ပါနဲ့။ ဖေဖေ ကျနော့်ကို တကယ်သိပ်ချစ်တာပါ။ ဖေဖေရဲ့ ချစ်သက်သေတွေက ကျနော့် အပေါ်မှာ ပြောမ ကုန်အောင် များလွန်းလှတဲ့အထဲက အနည်းကျဉ်း လေး မျှသာကိုပဲ စာဖတ် သူများဘို့ ဖခင်မေတ္တာကို ဝေမျှလို့ ခံစား လိုက်ပါတယ်။ ဖေဖေ ကျနော့်ကို သိပ် ချစ်တာ စာဖွဲ့လောက်တယ်လေ။ မေမေ က ပြောတယ်၊ မကြာခဏပါပဲ။ "သမီး ဖေဖေ သမီးကို ချစ်ပုံများ လွန်လွန်း တယ်တဲ့"။ ကျနော့် အထက်မှာ အစ်ကို တစ်ယောက် ရှိပြီး မေမေ ကျနော့်ကို ကိုယ်ဝန်ဆောင်ထားစဉ်မှာ ဖေဖေက သူ့ရဲ့ သူငယ်ချင်းတွေကို ပြောတယ်တဲ့။ "သမီးလေး မွေးရင်တော့ ငါ လုံးဝ မချိဘူး"ဆိုပဲ။ အချိန်တန် သမီးလေး မွေးလာတော့ ဖေဖေက လက်ပေါ်က မချတော့ဘူး။ မေမေ မီးဖွားခွင့်စေ့လို့ ရုံးပြန် တက်တော့ ဖေဖေက လစာမဲ့ ခွင့်တွေ သုံးလေးလယူပြီး သမီးကို ထိန်းတော့တာပဲ။ အိပ်ပျော်နေတဲ့ လသားအရွယ် သမီးလေးကို ပြုတင်း ပေါက်နား ကပ်လျှက် စားပွဲပေါ်မှာ တင်ပြီး ဖေဖေထိုင်ကြည့်ပြီး သီချင်း တအေးအေး နဲ့ ပီတိ ဖြစ်နေခဲ့တယ်တဲ့။ လေးဘက် သွားတတ်နေတဲ့ သမီးက နို့ဆာလို့ အမေ ကို လိုက်ရှာမတွေ့လို့ အော်ငိုသံပေးလိုက်ချိန်မှာ လာရင်လာ၊ မလာရင် စိတ်ကြီးတဲ့ သမီးက နဖူးနဲ့ ကြမ်းပြင်ဆောင့် ဆန္ဒပြ စိတ်ကောက်ပြီး နို့ မစို့ရတော့လို့ ဖေဖေမှာ ထမင်း ၊ ဟင်း ဝင်ချက်ရတာ ခဏ ခဏတဲ့။ သမီးကို ထိန်းဖို့ ကလေးထိန်းက ရှာမရတော့ ဖေဖေနဲ့ဖွားဖွား (မေမေ့မိခင်) လက်ပေါ်မှာ ကြီးခဲ့ရတယ်။

ပလူမွေး ပလူတောင် သမီးရဲ့ ဆံပင်လေး သန်လာအောင် ခေါင်းရိတ် ပေးချင်တဲ့ ဖေဖေက ခေါင်းရိတ်မခံတဲ့ သမီး ခေါင်းရိတ် ခံချင်လာအောင် "ခေါင်းတုံး တုံးမှ ချစ်မယ်လေ၊ ခေါင်းတုံး တုံးမယ်လေ" ဆိုတဲ့ သီချင်းကို အမြဲ ဆိုနေတော့ အချစ်ခံချင်တဲ့ သမီးက ခေါင်းတုံး တုံးရ တာ ကျနော် ကိုးနှစ်အရွယ်ထိပါပဲ။ ကျနော့်ကို ပေါင်ပေါ်တင်ပြီး နဖူးပေါ် ဝဲကျ နေတဲ့ ဆံပင် ဖြောင့်စင်းစင်းလေးတွေကို လေနဲ့ တဖူးဖူး မှုတ်တာ ကို ဖေဖေ နှစ်သက်ခဲ့တဲ့ အတွက် ကျနော်က ဖေ့ဖေ့ရဲ့ ဖူးဖူးမှုတ် အချစ်ခံရတဲ့ သမီး တစ်ယောက်ပေါ့။ တကယ်ပြောတာပါ။ ဖေ့ဖေ့မှာ သားသမီး ငါးယောက် ရှိတယ်။ ကျနော်က လွဲရင် အားလုံး ဆံပင်သန်ပြီး ကောက်ကြ တယ်လေ။

ဖေဖေ ကျနော့်ကို ချစ်သလို ကျနော်လည်း ဖအေချစ်သမီး တစ် ယောက်ဖြစ် ခဲ့တယ်။ ကျနော့် ဖေဖေက ရုပ်ရှင်မင်းသား ထက်ကို ခန့်ချော ချောတာ။ ဒါအမှန်ပဲ ညာမပြောဘူး။ ဖေဖေ သွားလေရာ တကောက် ကောက် လိုက်တက်တဲ့ သမီးက ဖေဖေ ရုံးသွားလည်း အမြဲတမ်း လိုလို ရုံးလိုက် တက်ခဲ့တယ်။ ကျောင်းတက်တဲ့ အရွယ်မှာ စာမေးပွဲ မေးခွန်း ကျက်ပြီး အတန်း တစ်တန်းကို တက်ခဲ့သူ၊ ကတိအမျိုးမျိုးနဲ့ သားအဖ နှစ်ယောက် အပေးအယူ တည့်ခဲ့တယ်။ ကျနော် (၇) နှစ်အရွယ် နှစ်တန်း ရောက်ချိန်မှာ ပန်းသီးတံဆိပ်ပါတဲ့ လမ်းလျှောက်ရင် ဂွပ် ဂွပ် မြည်တဲ့ ဂွပ်ဂွပ် ဖိနပ် လိုချင်တာ စီးနေတဲ့ ဖိနပ်က အသစ်ဝယ်ထားတာ မကြာသေးတော့ ပူဆာတာ မရဘူး။ ကျနော့် ဖေဖေရဲ့ မှတ်ဆိတ်ရိတ် ဘလိတ်ဒါးကို ကျောင်းကို ယူသွားတယ်။ ကျောင်းမှာ (လူမိုက် ၄ားပြီး) သူငယ်ချင်း ကောင်လေးကို ဖိနပ်သဲကြိုး ပြတ်ခါနီး အထိ လှီးခိုင်းခဲ့ဘူးတဲ့ ဉာဏ်နီ ဉာဏ်နက်များတဲ့ သမီးအတွက် ဖေဖေ အတော်လေး စိတ်ပူခဲ့ရဖူးတယ်။ ဖေဖေ အလိုလိုက်တော့ ကျနော်လည်း တော်တော်လေး ဆိုးပါတယ်။ ဖေဖေ ချော့ချော့မော့မော့ ပြောရင်လည်း လိမ္မာစွာ နားထောင်တတ်လို့ ကျနော့်ကို ဖေဖေက ရိုက်လေ့ရိုက်ထ မရှိပါဘူး။ တစ်ခါ ရိုက်ဖူးပါတယ်။ အံ့ကြိတ်ပြီး အဖေကို မျက်လုံးပြူး ကြည့်လို့လေ၊ ကျနော့်ကို ခြောက်တာထက် ဖေဖေ ကျနော့်ကို စိတ်ရှည်လက်ရှည် ချော့ပြောတတ်ခဲ့တယ်။ ဝန်ထမ်း အိမ်ယာမှာ နေတဲ့ ဖေဖေက ကျနော့်ကို ကျနော် အသက်ကိုးနှစ်အရွယ်မှာ မုဆိုးမ ကျောင်း ဆရာမ အငြိမ်းစား ဖေဖေ့ အမေ မာမီကြီးနဲ့ အတူနေဖို့ တာဝန် ပေးခဲ့တယ်။ ဖေဖေ့ ကိုယ်စား သူ့အမေကို စောင့်ရှောက်ရမယ်တဲ့။ "ဖေဖေ ရှိတယ် သမီး" လို့ ဖေဖေ့ရဲ့ မကြာ


သခင့်စကား ဝိညာဉ်ရေး ရာစာစောင် အမှတ်စဉ် ၉၅၊ ဇူလိုင်လ ၂၀၁၉။ စင်ကာပူနိုင်ငံအတွင်းရှိ မြန်မာခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ခဏာ အားပေးတဲ့ စကားတစ်ခွန်းဟာ ကျနော့်ကို ဘာမှ မကြောက်စေတဲ့ သူရဲကောင်း မကြီး တစ်ယောက် ဖြစ်စေခဲ့ ပါတယ်။ သူနဲ့နေရင် ပိုဆိုးမယ့် သမီးကို စည်းကမ်း ကြီးတဲ့ သူ့အမေဆီ သမီးကို မခွဲချင်ပဲနဲ့ ပို့ထားခဲ့ပါတယ်။ တစ်ပတ်နှစ်ခါ သုံးခါ လာရောက် ကြည့်ရှု အားပေးတတ်တဲ့ ဖေဖေ့ကို မာမီကြီးက ခဏခဏ မလာရ ဘူးလို့ အမိန့် ထုတ်ပါတယ်။ အကို၊ မောင်လေးတွေနဲ့ နေရတဲ့ ကျနော်က ကိုယ့်ကို ကိုယ် သားလို့ ပြောရင် ဖေဖေက သမီးကလို့ ပြောရမယ်ဆိုတာ ခဏခဏ သတိ ပေးတက်ပါတယ်။ အတွန့်တွေ၊ လက်ဖောင်းတွေ၊ ပုလဲလုံးတွေ၊ ကြိုးတွေနဲ့ လှလှ ပပ ဂါဝန်တွေကို ကျနော် ဝတ်ဖို့ မကြိုက်နှစ်သက်ခဲ့ပဲ ရှပ် အင်္ကျီ ဘောင်းဘီ ရှည်ကိုပဲ ဝတ်ချင်တဲ့ ကျနော့် အတွက် ဂါဝန်တည့်တည့် လေးတွေ ချုပ်ဝတ်စေတတ်ခဲ့ပါတယ်။ အရင်က အဖေ မရှိရင် မဖြစ်ဘူးလို့ ကျနော့်ရဲ့ အထင်တွေကို အဖေ မရှိလည်း ကိုယ့်အား ကိုယ်ကိုးတတ်အောင် သူသင်ပေးခဲ့ပါတယ်။ စာအုပ်ဖတ် ဝါသနာပါတဲ့ ဖေဖေရဲ့ ပြုစုပျိုးထောင်မှု တွေကြောင့် ကျနော် လည်း စာဖတ်ဝါသနာ ပါခဲ့ပါတယ်။ ကျောင်းစာကျက်ဖို့ ပျင်းတဲ့ ကျနော့်ကို ဖေဖေက "စာမေးပွဲကျရင် မုန့်ပစ်သလက် ရောင်းခိုင်း မယ်" လို့ ခြောက်ထားတဲ့ အတွက် စာမေးပွဲ မကျရဲခဲ့ပါဘူး။ မုန့်ပစ် သလက်သည်က မီးခိုးတယ်။ ကျနော်က မီးခိုး ကြောက်တယ်လေ။ မာမီကြီးရဲ့ စည်းကမ်းနဲ့နေရာက တက္ကသိုလ် တက်ချိန်မှာ သူငယ် ချင်းတွေနဲ့ တအားပျော်တတ်ခဲ့တဲ့ သမီးကို ပိုက်ဆံပြန်ယူတဲ့ နေ့တွေမှာ ဖေဖေက ပြောတယ် "ပိုက်ဆံ လာယူတာလား" "အခု ချက်ချင်း ပြန်သွား မှာလား" ကားတားပြီး ချက်ချင်းပြန်သွားခိုင်းတတ်ခဲ့ပါတယ်။ ကျောင်းပြီးတော့ သမီးကို အိမ်မှာ နေစေချင်တယ်။ သမီးက တစ်ခြားမြို့မှာ အလုပ်ရှာလုပ်တော့ ဖေဖေ ရင်ကွဲနာကျပြီး သမီးကို စကားမပြောနိုင်တာ တစ်နှစ် လောက်ကြာပါတယ်။ သူများ သားသမီးတွေက မိဘနဲ့ခွဲပြီး အလုပ် မလုပ်ဘူး။ ခင်ဗျား သမီးလိမ္မာတယ်လို့ သူ့မိတ်ဆွေတွေ ပြောမှပဲ သမီး အတွက် ဂုဏ်ယူ ပျော်ရွှင်တတ်ခဲ့တဲ့ ဖေဖေပါ။ သမီးပြန်လာမယ်လို့ ဖုန်းဆက် ထားလိုက်ရင် သိပ်ချမ်းအေးတဲ့ အချိန်မှာ အိမ်တံခါးဖွင့် မီးထွန်းပြီး ဖေဖေ စောင့်မျှော် တတ်ခဲ့တဲ့ အတွက် အအေးမိနာစေးတာ ခဏခဏပဲရှင်။ သောကြာနေ့ အလုပ်ဆင်းချိန်မှ အိမ်ကိုပြန်ရင် မိုးချုပ်မှရောက်လာတဲ့ သမီးကို ပူပူနွေးနွေး ထမင်းကျွေးတတ်တဲ့ ဖေဖေပါ။ နိုင်ငံခြားမှာ သမီးကို အလုပ် လုပ်စေချင်ခဲ့တဲ့ ဖေဖေရေ အခု သမီး နိုင်ငံခြားမှာ အလုပ်လုပ် နေရပါပြီ။ ကျနော့် ဖေဖေရဲ့ နာမည်ရှေ့မှာ 'မုန်တိုင်း' လို့ ဘွဲ့နာမည် ရသည် အထိ ဖေဖေက စကားပြောသန်တယ်။ ဒီအဖေရဲ့ သမီးက သူ့ထက်ကဲ ဖြစ်သွားတော့ ဖေဖေက လက်ရင်းရော လက်ဖျားပါ ခါနေရတော့တာပဲ။ ကျောင်းတက်ရတဲ့ အတွေ့အကြုံ ရုံးတက်ရတဲ့ အတွေ့အကြုံကို မမောနိုင် မပန်းနိုင် ပြောတဲ့ သမီးရဲ့ စကားကို ဖေဖေက ပြုံးပြုံးနဲ့ နားထောင်ရတာ နှစ်သက် ခဲ့တယ်လေ။ အိမ်ရှေ့က မွတ္တလေး မေမြို့ လိုင်းကားနဲ့ ဖြတ်သွားမယ့် သမီးကို ဖေဖေက လက်ပြချင်နေတာနဲ့ပဲ ခြေထောက်နှစ်ဖက် လေဖြတ် သွားခဲ့ ဘူးသေးတယ်။ သူ့မှာ သွေးတိုးရှိတော့ ရာသီဥတု အေးတာ မခံနိုင် ဘူးလေ။ နောက်တစ်လ အိမ်ပြန်မှပဲ သိရ မြင်ရတော့ လေဖြတ်နေတဲ့ ဖေဖေ့ ခြေထောက်ကို ဖက်ပြီး ငိုမဆုံး ဖြစ်ခဲ့ရတယ်။ သမီးကို လေဖြတ်လောက် အောင် အထိ ချစ်တာပါ။ ဖေဖေက **June 23rd** မှာ မွေးတယ်။ ကျနော်က **April 23rd** မှာ မွေးတယ်။ မွေးရက်ချင်းတူတဲ့ အတွက် ဖေဖေက ဂုဏ်ယူ မဆုံး ပြောတတ်တာက ဖေဖေ့သမီးမှ ဖေဖေ့သမီးတဲ့။ စာရေးပျင်းတဲ့ဖေဖေက မှာချင်တာ ပြောချင်တာလေးတွေကို လူကြုံရှိရင် စာတိုတိုလေးတွေ သမီးဆီ ရေးတတ်ပါသေးတယ်။ ဖေဖေ စာရေးလို့ပေးတာ ဒီသမီး တစ်ယောက်တည်း ကိုပါပဲ။ တစ်ခြား ဘယ်သူ့ဆီမှ ဖေဖေ မရေးဘူး။

ဖေဖေအတွက် သမီးဝယ်ပေးလိုက်တဲ့ ဖိနပ်လေးကို မစီးရက်လို့ အိပ်ခန်းထဲက စားပွဲပေါ်တင်ပြီး ကြည့်နေခဲ့တာ သူမသေခင် တစ်ပတ် အလိုမှာမှ ချစီးတာလေ။ ဖေဖေ အပြင်ထွက်လည်ရင်းနဲ့ သွေးအရမ်းတိုးပြီး ဦးနှောက် သွေးကြောပြတ်တာမို့ ချက်ချင်း သူ့ကို အိမ်ပြန်သယ်လာချိန်မှာ သူက သတိရတော့ ငါ့ဖိနပ်ဘယ်မှာလဲတဲ့ သူ့ဖိနပ်ကို အရေးတကြီး မေးတယ်တဲ့ သမီးကို ဖုန်းဆက်ထားတယ် ပြန်လာခဲ့ဖို့ ပြောတော့ ငါ မသေသေးဘူး သမီးကို အလုပ်ပျက်အောင်မလုပ်နဲ့ မခေါ်ရဘူးတဲ့၊ ချက်ချင်း ပြန်လာတဲ့ ကျနော်ကလည်း တစ်ခါမှ မကြုံဘူးပဲ ကျနော် စီးလာတဲ့ ကားက နောက်ဆုံးကား ဖြစ်ပြန် ကားဘီးက သုံးလေးခါပေါက်တော့ အိမ်ကို ည(၁၀)နာရီမှ ရောက်တော့ ဖေဖေက ဆေးရုံပေါ်မှာ ၊ မနက်စောစော ဖေဖေ့ဆီ ရောက်တော့ ကျနော့်အသံကို ကြားကြားချင်း သမီး သမီးလို့ မပီကလာ ပီကလာ ခေါ်ပြီး ဖေဖေ မျက်လုံးတွေက မမြင်ရတော့ဘူး။ စကားက မပြောနိုင်တာကို ကိုယ်တစ်ခြမ်း လေဖြတ်နေတော့ ကောင်းတဲ့ဖက်က လက်တစ်ဖက်နဲ့ သမီးကို လက်မထောင် အားပေးခဲ့တဲ့ အဖေပါ။ သမီးများ ငိုနေလားလို့ မျက်နှာကို စမ်းသပ် လိုက်ပါသေးတယ်။ ဖေဖေဆုံးသွားတော့ သမီးရဲ့ လက်ပေါ်မှာပေါ့။ သူ သိပ်ချစ်တဲ့ သမီးရဲ့ လက်ပေါ်မှာပေါ့။

သခင်ယေရှုရဲ့ ရင်ခွင်တော်မှာ ရှစ်နှစ်ကြာ အိပ်ပျော်နေပြီး ဖြစ်သော ဖခင်ကြီးကို သတိရ အောက်မေ့လျှက်၊ သမီးကို သိပ်ချစ်ခဲ့တဲ့ ဖေဖေကို သမီး အတွက် ပေးခဲ့သော၊ လူသားအားလုံးကို ချစ်တဲ့ လူသား အားလုံးတို့ရဲ့ အဖ၊ အဖ ဘုရားသခင်၏ ကျေးဇူးတော်ကို အထူးပဲ ကျေးဇူးတင် ချီးမွမ်းရင်း ဖခင် တစ်ယောက်ရဲ့ မေတ္တာကို အနည်းငယ် ဝေမျှ ခံစားလိုက်ပါတယ်။ အယောက်စီ တိုင်းကို အဖ ဘုရားသခင် ကောင်းကြီးပေးပါ စေ။ ။ **Life**

---




## "ကရုဏာတရားနှင့် သစ္စာတရား"

ကရုဏာ တရားနှင့် သစ္စာတရား အားဖြင့် အပြစ်ဖြေ တတ်၏။ ထာဝရကို ကြောက်ရွံ့ခြင်း သဘောအားဖြင့် ဒုစရိုက်ကို ရှောင်တတ်၏။ (သု ၁၆း၆) သခင်ယေရှုဟာ ကရုဏာတရားနှင့် သစ္စာတရား အလွန်ကြီးမားသူ ဖြစ်ပါတယ်။ တစ်ခါတုန်းက ခရစ်ယာန် မှန်သမျှကို ညှင်းပန်းနှိပ်စက် အသေသတ်တဲ့ နေရာမှာ လမ်းပြသက်သေ အနေနဲ့ ပါဝင်ခဲ့တဲ့ လူတစ်ယောက်ရှိတယ်။ သူဟာ အဲဒီအချိန် ဘုရားသခင်ထံမှ ကရုဏာ နှင့် သစ္စာ တရားကို မခံစားရသေးတဲ့အတွက် ဒုစရိုက်အမှုကို အကြီးအကျယ် ပြုလုပ် နေခြင်း ဖြစ်ပါတယ်။ မမျှော်လင့်တဲ့ တစ်နေ့ဟာ ဘုရားသခင် သူ့အသက်တာပြောင်းလဲ ဖို့အတွက် ပြင်ဆင် ပေးခဲ့ပါ တယ်။ ဒမာသတ်မြို့ မှာရှိတဲ့ ဘုရားရဲ့ ဘက်တော်သား တပည့်တော် များကို ညှင်းဆဲရန် အသွား ခရီးလမ်းမှာ "ရှောလု၊ ရှောလု၊ ငါ့ကို အဘယ်ကြောင့် ညှင်းဆဲ သလဲ" ဆိုတဲ့ စကားသံကိုကြားလိုက်ရတယ်။ သူက သခင် ဘယ်သူလဲလို့ မေးတော့ "ငါက မင်း ညှင်းဆဲတဲ့ သခင်ယေရှုဘဲ" ဆိုတဲ့ ဖြေသံကြားလိုက်ရတယ်။ အဲဒီအချိန်မှာ ရှောလုရဲ့ ဇာတိတတ်နိုင်မှု၊ လုပ်ကိုင်နိုင်မှု အကုန်လုံး ဘာမျှမ လုပ်နိုင်သလို မျက်စိနှစ်လုံး ကွယ်ကာ သူများတွဲ၍ မြို့ထဲသို့ ဝင်ခဲ့ရပါတယ်။

အာနနိကို သွား၍ ဆုတောင်းခိုင်းတော့ အာနနိ ကတောင် ကြောက်နေပါသေးတယ်။ ဒါပေမဲ့ သခင်ယေရှုက သူ့ရဲ့ဘဝအသက်တာကို အသစ်စဖို့ ပြုပြင်လိုက်ကြောင်းနှင့် အာနနိ ဆုတောင်းပေး၍ ရှောလုမျက်စိ ပြန်လည်မြင်ရပြီးနောက် သူကိုယ်တိုင် သခင်ယေရှုရဲ့ ကယ်တင်ခြင်းတရား မေတ္တာတရားကို ခံစားရပြီး သူပြုခဲ့တဲ့ ခရစ်တော်ကို ယုံကြည်၍ အသင်းဝင် သူများကို နှိပ်စက်ခြင်းကို မလုပ်တော့ဘဲ ဘုရားသခင်အပေါ်မှာ ကြောက်ရွံ့၍ ဒုစရိုက် အမျိုးမျိုးကို ရှောင်ကသူကိုယ်တိုင် ခံစားရတဲ့ ဘုရားသခင်ရဲ့ ကရုဏာတရားနှင့် သစ္စာတရား ကြီးမားမှုကို လူအပေါင်းတို့ရှေ့တွင် သက်သေခံခဲ့ပါတယ်။

ဒီကနေ့ မိတ်ဆွေကို ဘုရားသခင် ဘယ်လိုရွေးကောက်ခဲ့သလဲ ဆိုတာကို ဆင်ခြင်နှလုံးသွင်း၍ ဘုရားကို ကြောက်ရွံ့ပြီး ဒုစရိုက် အပြစ်မျိုးစုံကို ပေါလုကဲ့သို့ အသစ်သော အသက်တာနှင့် ရှောင်ရှားနိုင်သော ယုံကြည်သူ အယောက်တိုင်း ဖြစ်ပါ စေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ။ *မာရာနသာ နီနီခိုင်*




မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည် ( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

**Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076 ,**
E-mail; thelordword @ gmail.com (( Phone (65) 81222320 ))

မင်း အောင် သက် လွင် ဓါ စဉ် ထုတ် ဝေ သည်